အယုတ်,အသတ်,အမြတ် အားဖြင့် အမျှသုံးဆယ်သော ပါရမီတော်တို့ကို။ ပူရေတွာ၊ ဖြည့်ကျင့်တော်မူပြီး၍။ သဗ္ဗကိလေသေ၊ တခုမကြွင်း ခပင်းဥဿုံ အလုံးစုံသော ကိလေသာ တို့ကို။ ဘဉ္ဇိတွာ၊ ချိုးဖွဲ့ဖျက်ဆီးတော်မူပြီး၍။ သမ္မာသမ္ဗောဓိံ၊ မဘောက်မပြန် ကိုယ်တိုင်သိတတ်သော အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်ကို။ အဘိသမ္ဗုဒ္ဓေါ၊ ထိုးထွင်း၍ သိတော်မူပြီးသည်။ ဟုတွာ၊ ဖြစ်၍။ ဒေဝါတိဒေဝေါ၊ နတ်အပေါင်းတို့သည် ပူဇော်အပ်သော နတ်မြတ်အစစ် ဖြစ်ကြီး ဖြစ်တော်မူသော။ ဝါ၊ နတ်အပေါင်းတို့ထက် မြတ်သော နတ်မြတ်အစစ် ဖြစ်ကြီး ဖြစ်တော် မူသော။ သက္ကာတိသက္ကော၊ သိကြား အပေါင်းတို့သည် ပူဇော်အပ်သော သိကြားမြတ်အစစ် ဖြစ်ကြီး ဖြစ်တော်မူသော။ ဝါ၊ သိကြားအပေါင်းတို့ထက် မြတ်သော သိကြားမြတ်အစစ် ဖြစ်ကြီး ဖြစ်တော် မူသော။ ဗြဟ္မာတိ ဗြဟ္မာ၊ ဗြဟ္မာအပေါင်းတို့သည် ပူဇော်အပ်သော ဗြဟ္မာမြတ်အစစ် ဖြစ်ကြီး ဖြစ်တော်မူသော။ ဝါ၊ ဗြဟ္မာအပေါင်းတို့ထက် မြတ်သော ဗြဟ္မာမြတ်အစစ် ဖြစ်ကြီး ဖြစ်တော်မူသော။ လောကနာထော၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အားထားခိုကိုးရာ အစစ် ဖြစ်ကြီးဖြစ်တော်မူသော။ အနာဝရဏဉာဏော၊ အပိတ်အပင် အဆီး အတား အကန့်အကွက်မရှိသော သဗ္ဗညုတဉာဏ် ရှိတော်မူသော။ မဟာဝဇိရဉာဏော၊ ကြီးကျယ် များမြတ် ပူဇော်အပ်သော စိန်တုံးနှင့်တူသော မဟာ ဝိပဿနာဉာဏ် ရှိတော် မူသော။ ဒသဗလဓရော၊ ဆယ်ပါးသော ကာယဗလ,ဆယ်ပါးသော ဉာဏဗလကို ဆောင်တော် မူနိုင်သော။ ယောဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ လောကေ၊ လူ့ရွာဌာန လူ့ လောက၌။ သံဝိဇ္ဇတိ၊ ထင်ရှားမသွေ ရှိတော်မူခဲ့ပေ၏။ [သော ဘဂဝါ-ဟူသော နိယမကို ကြည့်၍ အနိယမဝါကျကို ထည့်သွင်းရသည်။]

(၁) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ကိလေသာမှုံမှေး ညစ်အကြေးမှ ကင်းဝေးစင်ကြယ်တော်မူသည်၏ အဖြစ် ဟူသော ဤအကြောင်းကြောင့်လည်း။ အရဟံ၊ အရဟ မည်တော်မူ၏။

တနည်း။ ။သောဘဂဝါ၊ သည်။ ဣတိပိ၊ ကိလေသာစက် သုံးထောင်ဝက်ကို လေးမဂ်ဉာဏ်သွား စိန်သန်မားဖြင့် ပယ်ရှားခုတ်ဖြတ် လက်စပြတ်အောင် သတ်တော်မူ တတ်သည်၏ အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း။ အရ-ဟံ၊ အရ-ဟ မည်တော် မူ၏။

တနည်း။ ။သောဘဂဝါ၊ သည်။ ဣတိပိ၊ ဗောဓိမဏ္ဍိုလ် ကျွန်းဗဟိုဋ္ဌ ဗိုလ်ဂီရိယ ခြေပါဒဖြင့် သီလမြေထက် ကြံ့ကြံ့တက်လျက် ထက်မြက်သဒ္ဒါ လက်မဟာဖြင့် ကြီးစွာ ပုဆိန် ဉာဏ်ဝဇီရစိန်ကို လွှဲချိန်ကိုင်ကာ သံသရာ၏ ပုညာပုည အာနဉ္ဇဟု သုံးဝစနက် ကန့်အကွက်ကို ပယ်ဖျက်တော်မူတတ်သည်၏ အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း။ အရ-ဟံ၊ အရ-ဟ မည်တော်မူ၏။

တနည်း။ ။သောဘဂဝါ၊ သည်။ ဣတိပိ၊ ကြီးကျယ်များမြတ် လူနှင့်နတ်တို့ ဆည်း ကပ်မြတ်နိုး ဆင့်ဆင့်တိုးလျက် အားကိုးအားထား နှလုံးသွားဖြင့် ဝပ်တွားကော်ရော် များပူဇော်ကို ခံတော်မူတတ်သည်၏အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း။ အရဟံ၊ အရဟ မည်တော်မူ၏။

တနည်း။ ။သောဘဂ္ဂဝါ၊ သည်။ ဇာတိပိ၊ ကိုယ့်ကိုယ်ကိုပင် ကဝိထင်သည့် များဖျင်အန္ဓ လူ့ဗာလတို့ ပါပညစ်ဆိုး အပြစ်မျိုးကို ပုန်းလျှိုးကွယ်ကာ ပြုသည့်တာသို့ တခါတရံ ပြုမည်ကြံ၍ ရည်သန်စိတ်ဝယ် ပုန်းအောင်းလွယ်ဘို့ ဆိတ်ကွယ်ရာ အရပ်မရှိသည်၏ အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း။ အ-ရဟံ၊ အ-ရဟ မည်တော်မူ၏။

(၂) သောဘဂ္ဂဝါ၊ သည်။ ဇာတိပိ၊ အဘိဥ္ဈာယျာ ပရိညာနှင့် ပဟာတဗ္ဗ သန္တိကဟု မဂ္ဂဘာဝနာ လေးသစ္စာကို ဆရာမထား ကိုယ့်ဉာဏ်သွားဖြင့် ပိုင်းခြားထင်ထင် ဟိတ်ဖိုလ်ယှဉ်လျက် လက်ပြင်တင်ထား ပတ္တမြားသို့ ထင်ရှားကေန် မဘောက်ပြန်ဘဲ ဟုတ်မှန်စွာသိတော်မူတတ်သည်၏ အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

(၃) သောဘဂ္ဂဝါ၊ သည်။ ဇာတိပိ၊ သုံးပါးဝိဇ္ဇာ ပု-ဒိ-အာ-တည့် ရှစ်ဖြာဝိဇ္ဇာ အရေ့ာလည်း ဝိ-မာ-စေ-ဒိ အာ-ပု-ဇ္ဇ-နှင့် ဒိ-ဟုရှစ်ဟော သီ-ဇာန်-ဘောနှင့် နှုယော ဇာဂ သဒ္ဓမ္မတည့် ရှုပလေးချာန် ဆယ့်ငါးတန်ဟု ပါဒံစရဏ မြတ်ဓမ္မနှင့် တကွဥသုံ လွှမ်းမိုးခြုံလျက် ပြည့်စုံတော်မူတာ်သည်၏ အဖြစ်ဟူသော ဤ အကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

(၄) သောဘဂ္ဂဝါ၊ သည်။ ဇာတိပိ၊ ညစ်ကြေးစင်ကြယ် ကုန်အောင်ပယ်၍ တင့်တယ်သော အရိယမဂ်ဟုဆိုအပ်သော ကြွသွားခြင်းဖြင့် ကြွသွားတော်မူတတ်သည်၏ အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူ၏။

တနည်း။ ။သောဘဂ္ဂဝါ၊ သည်။ ဇာတိပိ၊ ဒုက္ခမီးစက် ဆူဆူပွက်သည့် ဤဘက်ကမ်းက စခန်းထ၍ နန်းမခေမံ နေရာဘန်သို့ ကေန်ကြွသွားတော် မူတတ်သည်၏ အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူ၏။

တနည်း။ ။သောဘဂ္ဂဝါ၊ သည်။ ဇာတိပိ၊ မဂ်ကြီးလေးပါး စိန်သန်မားဖြင့် ပယ်ရှားတွန်းလှန် ကိလေရန်ကို တဖန်မကပ် အကုန်သတ်လျက် ကောင်းမြတ်စွာ ကြွသွားတော်မူတတ်သည်၏ အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူ၏။

တနည်း။ ။သောဘဂ္ဂဝါ၊ သည်။ ဇာတိပိ၊ ဒီပင်္ကရာ စောသတ္တာ၏ ရွှေမှာဝပ်စင်းတံတားခင်း၍ ရင်းနှီးသန္တာ အစဖြာလျက် ခန်းဝါဗောဓိ မလ္လိုင်ထိအောင် ဖြည့်သည့် ပါရမီ စုံပြည့်ညီလျက် သုံးလီဘဝ များသတ္တဝါ၏ သုခစီးပွါး ကျင့်သောအားဖြင့် များပြားလှစွာ သဿတာနှင့် ဥစ္ဆေဒါဂှ မိုက်အယူသို့ ကာမှူတစ် မကပ်ငြိဘဲ သတိသမ္ပဇဉ် အမြဲ ယှဉ်၍ သဗ္ဗညာဏ်ကျော် ရကြောင်းမြော်လျက် ကြွလာတော်မူတတ်သည်၏အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း။ သုဂတော၊သုဂတ မည်တော်မူ၏။

တနည်း။ ။သောဘဂ္ဂဝါ၊ သည်။ ဇာတိပိ၊ စကားဆိုရိုး ခွန်းခြောက် မျိုးတွင် အကျိုးနှင့်စပ် စကားမြတ်ဟု နှစ်ရပ်ဆိုရိုး စကားမျိုးကို ကောင်းကျိုးများလတ် မြတ်ထက်မြတ်အောင် ဆိုတော်မူတတ်သည်၏ အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူ၏။

(၅) သောဘာဝ၊သည်။ဣတိပိ၊သတ္တ,သင်္ခါရ ဩကာသဟု လောကသုံးဘုံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူတတ်သည်၏ အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူ၏။

တနည်း။ ။သောဘာဂဝ၊ သည်။ ဣတိပိ၊ သတ္တ, သင်္ခါရ ဩကာသဟု လောကသုံးခွင် ဘုံအပြင်၌ ထင်ထင်ရှားရှား အာရုံထားလျက် ပိုင်းခြားနိုင်ဘိ မိမုတ္တိနှင့် စရိတဟု မြတ်ယုတ်မှုလည်း မုဒု,တိက္ခ သွာကာရက စသည်ထွေထွေ လေ,ရေ,မြေထု နေရှု,စက္ကဝါ သမုဒ္ဒါနှင့် သီဒါတောင်ရံ ကျွန်းလေးတန်တည့် နတ်ဌာန်ခြောက်ရွာ ထက်မြဟ္မာတိုင် ကောင်းစွာဝေဘန် ရုပ်နှင့်နာမ်ကို မကျန်သဘော အကုန်နှော၍ ဉာဏ်ဇောရှင်ရှင် မြန်ဆောလျင်လျက် သိမြင်တော်မူတတ်သည်၏ အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူ၏။

(၆) သောဘာဂဝ၊ သည်။ ဣတိပိ၊ ကာမ,ရူပ အရူပ၌ သီလခေါင်ထိ သမာဓိနှင့် ဘူရိမယုတ် ဖိုလ်ဝိမုတ်ဟု ဝိမုတ်ဉာဏ် ဒဿနနှင့် ပြည့်ထဉသုံ ကျေးဇူးဟုန်ကြောင့် စံပုံအတူ မရှိမူ၍ နတ်,လူ,ဗြဟ္မာ သတ္တဝါထက် လွန်စွာ မြတ်တော်မူတတ်ာသည်၏ အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း။ အနုတ္တရော၊ အနုတ္တရ မည်တော်မူ၏။

သောဘာဂဝါ၊ သည်။ ဣတိပိ၊ ဆုံးမသင့်ငြား မြတ်ယောကျ်ားအား ငါးပါးသီလ သချာကို ဝေဌဟောကြား ပေးရငြားလည်း ထက်ဖျား ဈာန်,မဂ် ဖိုလ်သို့တက်အောင် အချက်ကျကျ နည်းစုံပြလျက် ဆုံးမတော်မူတတ်သည်၏ အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း။ ပုရိသဒမ္မသာရထိ၊ ပုရိသဒမ္မသာရထိ မည်တော်မူ၏။

တနည်း။ ။သောဘာဂဝ၊ သည်။ ဣတိပိ၊ ဆုံးမသင့်ငြား မြတ်ယောကျ်ားအား တပါးထက်ဝယ် ရပ်ရှစ်သွယ်သို့ မတွယ်မငြိ ပြေးစွမ်းရှိအောင် ပေးဘိဩဝါ ဤခြင်းရာကြောင့် ပညာခေါင်ထိ ကဲလွန်ဘိ၍ မိမိထက် လွန်မြဘ်သောသူ မရှိသည်၏ အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း။ အနုတ္တရောပုရိသဒမ္မသာရထိ၊ အနုတ္တရပုရိသဒမ္မသာရထိ မည်တော်မူ၏။

(၇) သောဘာဂဝ၊ သည်။ ဣတိပိ၊ သတ္တဝါဟော် ယာဉ်မှူးကျော်သည် အဘော်နောက်ပါ ပေါင်းများစွာကို ကန္တာရကြမ်း ခရီးလမ်းမှ ဘေးဘျမ်းမခ လမ်းဌာနသို့ မှန်းဆလွယ်ကူ ထုတ်ကယ်ယူသို့ထို့တူတရှိ ခက်ခဲဘိသည့် ဇာတိ,ဇရာ မရဏာဟု ကန္တာရကြမ်း ခရီးလမ်းမှ ရွှေနန်းရိပ်သာ ပြည်ခေမာသို့ ဗြဟ္မာ,နတ်,လူ သုံးဘုံသူကို ဆောင်ယူကယ်တင်တော်မူတတ်သည်၏အဖြစ် ဟူသော ဤအကြောင်းကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏။

တနည်း။ ။သောဘာဂဝ၊ သည်။ ဣတိပိ၊ ဒိဋ္ဌဓမ္မ သမ္ပရာနှင့် မုချဆတ်ဆတ် ပရမတ်ဟု ထူးမြတ်ကဲကာ ကျိုးများစွာဖြင့် ဗြဟ္မာ,နတ်,လူ သုံးဘုံသူကို လွယ်ကူခဏာ စိတ်တိုင်းကျအောင် ဆုံးမတော်မူတတ်သည်၏ အဖြစ်ဟူသော ဤ အကြောင်းကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏။

(၈) သောဘဂ္ဂဝါ၊ သည်။ ဣတိပိ၊ သခ်ါ,ဝိကာ လက္ခဏာနှင့် နိဗ္ဗာန်,ပညတ် ဤငါးရပ်ဟု သိအပ်ခဲ့ ယျ သဘာဝကို မောက္ခအန္တ ဉာဏ်တော်ဇဖြင့် ကြွင်းရမထင် ထဲလင်းစင်အောင် သိမြင်တော်မူတတ်သည်၏အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း။ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။

တနည်း။ ။သောဘဂ္ဂဝါ၊ သည်။ ဣတိပိ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်လည်းမြင်၍ သုံးပြင်ဘုံသား ဝေနေအားလည်း ဟောကြားဆွတ်ချွေပေးငှဝေလျက် သိစေတော်မူတတ်သည်၏အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း။ ဗုဇ္ဈိ္ဒါ၊ ဗုဒ္ဓ မည်တော်မူ၏။

(၉) သောဘဂ္ဂဝါ၊ သည်။ ဣတိပိ၊ ကိုယ်စိတ်စိုးဘိ ဣဿရိနှင့် လက်ရှိမွေ ဥဂ္ဂရာ တည့် ယသရှိန်စော် သရေတော်ဟု ထင်ပေါ်သိရီ ကျိုးလိုလိုကို ကြံစည်တိုင်းရ လိုကာမနှင့် လုံ့လပယတ် ဤခြောက်ထပ်ဟု ထွဋ်မြတ်ဘုန်းတော် အာနုဘော်နှင့် သင့်လျော်စွာ ပြည့်စုံတော်မူတတ်သည်၏အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း။ဘဂ္ဂဝါ၊ ဘဂဝါ မည်တော်မူ၏။

တနည်း။ ။သောဘဂ္ဂဝါ၊ သည်။ ဣတိပိ၊ အကုသိုလ်မှား ပြစ်တရား၏ သုံးပါးမူလာ အစဖြာလျက် များစွာတွက်ကိန်း ဂဏန်းချိန်းသော် အသိန်းမက တွက်ခြေရသည့် များလှကုန်စွာ ကိလေသာကို လေးဖြာမြှိက်မဂ် စိန်သံလျက်ဖြင့် ပယ်ဖျက်တော်မူတတ်သည်၏အဖြစ်ဟူသောဤအကြောင်းကြောင့်လည်း။ ဘဂ္ဂဝါ၊ ဘဂဝါ မည်တော်မူ၏။

တနည်း။ ။သောဘဂ္ဂဝါ၊ သည်။ ဣတိပိ၊ လောကီလောကုတ် ကျိုးပစ္စုပ်နှင့် မယုတ်သံသာ ကျိုးများစွာကို ကောင်းစွာပေးတတ် ဆောင်နှင်းအပ်သည့် မပြတ်ကာလရှေးဘဝက လုံ့လဆင့်ဆင့် ဆည်းပူးကျင့်၍ ပေးသင့်ချိန်တန် ကျိုးပေးသန့်သည့် ပုဉ်းကံပါရမီ ရှိတော်မူတတ်သည်၏အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း။ဘဂ္ဂဝါ၊ဘဂဝါ မည်တော်မူ၏။

တနည်း။ ။သောဘဂ္ဂဝါ၊ သည်။ ဣတိပိ၊ တရားရတနာ မြတ်ဩဝါကို ကောင်းစွာဟောကြား တိက်, ဒုက်ထားလျက် ပိုင်းခြားဝေဘန်တော်မူတတ်သည်၏ အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း။ ဘဂ္ဂဝါ၊ ဘဂဝါ မည်တော်မူ၏။

တနည်း။ ။သောဘဂ္ဂဝါ၊ သည်။ ဣတိပိ၊ ဒိဗ္ဗ,ဗြဟ္မ အရိယ-ဟု သုံးဝိဟာဝိဝေကာနှင့် သုံးဖြာဝိမောက် ဘုံထက်အောက်တွင် ကဲမြောက်ဥတ္တရ လောကိယဟု ဈာန်သမာပတ် လမ်းထွက်ရပ်သို့ ဆည်းကပ်တော်မူတတ်သည်၏ အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း။ ဘဂ္ဂဝါ၊ ဘဂဝါ မည်တော်မူ၏။

တနည်း။ ။သောဘဂ္ဂဝါ၊ သည်။ ဣတိပိ၊ ကာလမြင့်ရှည် ဘုံသုံးမည်၌ ဆုံလည်သောနွား ရဟတ်ချားသို့ ပြေးသွားကြောင်းဟုတ် တဏှာယုတ်ကို စက်ဆုပ်ရေးသန် မဂ်လေးတန်ဖြင့်ထွေးအန်တော်မူတတ်သည်၏အဖြစ်ဟူသောဤအကြောင်းကြောင့်လည်း။ ဘဂ္ဂဝါ၊ ဘဂဝါ မည်တော်မူ၏။

တနည်း။ ။သောဘဂ္ဂေါ၊ သည်။ ဉာတိပိ၊ဖြူသဲဘော်ငွေ မြစ်ငယ်ရေနှင့် ထွေထွေစိမ့်စမ်း ရှုမခမ်းသည့် တောင်တန်းစုံမြိုင် ပန်းနံ့လှိုင်သည့် ဂနိုင်ချောင်ကောင်း ရှုသိပြောင်းက ရွက်ဟောင်းကျကြွေ ရွက်သစ်ဝေသည့် အောင်မြေရဂုံ တောရိုင်မြို့ကို နေတုံအမြဲ စိတ်ဝယ်စွဲလျက် မှိုင်ဆည်းကပ်တော်မူတတ်သည်၏အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း။ ဘဂ္ဂေါ၊ ဘဂ္ဂေါ မည်တော်မူ၏။ ဣတိဧဝံ၊ သို့။ ဥဂ္ဂတော၊ ပြီ။

ဒေဝေါ၊ သည်။ တံဘဂ္ဂဝန္တံ၊ သို့။ ပယိရုပါသတု၊ လော့။ ဘဂ္ဂဝန္တံ၊ သို့။ ပယိရုပါသတော၊သော။ဒေဝဿ၊၏။စိတ္တံ၊သည်။အပ္ပေဝနာမပသီဒေယျ၊မသိရာပါ။ဝါ၊ရာပါ၏။ ဣတိ၊သို့။ အဝေါစ၊ ပြီ။ ဧဝံ၊သို့။ ဝုတ္တေ၊ သမားတော်ဇီဝက-က သံတော်ဦးတင်အပ်သည်ရှိသော်။ မာဂဓော၊ သော။ အဇာတသတ္တု၊ သော။ ဝေဒေဟိပုတ္တော၊ သော။ ရာဇာ၊ သည်။ ကောမာရဘစ္စံ၊ သော။ ဇီဝကံ၊ ကို။ တော်ဝစနံ၊ ကို။ အဝေါစ၊ ပြီ။ ကိံ၊ သို့။ အဝေါစ၊ သနည်း။

၁၅၈။ သမ္မဇီဝက၊ အရှယ်တူဇီဝက၊ အဟံ၊ ငါသည်။ တေနဟိ၊ တိုက်တွန်းလိုက်၏။ တွံ၊ သည်။ ဟတ္ထိယာနာနိ၊ ဆင်ယာဉ်တို့ကို။ ကပ္ပါပေဟိ၊ ပြစီရင်စေချေလော့။

တနည်း။ ။သမ္မဇီဝက၊ အရှယ်တူဇီဝက။ အရဟံ၊ သော။ သမ္မာသမ္ဗုဒ္ဓေါ၊သော။ ဘဂ္ဂဝါ၊ သည်။ တေ၊ ၏။အမ္ဗဝနေ၊ ၌။ယဒိဝိဟရတိ၊အကယ်၍နေတော်မူခဲ့အံ့။တေနဟိ၊ ထိုသို့မြတ်စွာဘုရား သင်၏သရက်ဥယျာဉ်ဝယ်နေတော်မူခဲ့သည်ရှိသော်။ ဝါ၊ ထိုသို့မြတ်စွာဘုရား သင်၏သရက်ဥယျာဉ်ဝယ် နေတော်မူခဲ့တပြီးကား။ တွံ၊ သည်။ ဟတ္ထိယာနာနိ၊ တို့ကို။ ကပ္ပါပေဟိ၊ ပြစီရင်စေချေလော့။ ဝါ၊ က–တင်စေချေလော့။

တနည်း။ ။သမ္မဇီဝက၊ က။ ယေနကာရဏေန၊အကြင်အကြောင်းကြောင့်၊အရဟံ၊ သော။ သမ္မာသမ္ဗုဒ္ဓေါ၊ သော။ ဘဂ္ဂဝါ၊ သည်။ တေ၊၏။အမ္ဗဝနေ၊ ၌။ ဝိဟရတိ၊ နေတော်မူခဲ့၏၊ တေနဟိကာရဏေန၊ မြတ်စွာဘုရား၏သင်၏သရက်ဥယျာဉ်ဝယ်နေတော်မူသည်၏အဖြစ်ဟူသော ထိုအကြောင်းကြောင့်သာလျှင်။ တွံ၊ သည်။ ဟတ္ထိယာနာနိ၊ တို့ကို။ ကပ္ပါပေဟိ၊ လော့။ ဣတိ၊သို့။ အဝေါစ၊ ပြီ။

ဧဝံ၊ သို့။ ဝုတ္တေ၊အဇာတသတ်မင်းက ပြောဆိုအပ်သည်ရှိသော်။ ကောမာရဘစ္စော၊ သော။ ဇီဝကော၊ သည်။ ဒေဝ၊ မြတ်။ဧဝံ၊ ကောင်းလှပါပြီ။ ဣတိခေါ၊ဤသို့သာလျှင်။ မာဂဓဿ၊ သော။ အဇာတသတ္တုဿ၊ သော။ ဝေဒေဟိပုတ္တဿ၊ သော။ *ရညော၊ အား။ ပဋိဿုဏိတွာ၊ ရှေးရှုနားထောင်ပြီး၍။ ဝါ၊ ဝန်ခံပြီး၍။တနည်း-ရညော၊ မင်း၏။ ဝစနံ၊စကားကို။ ပဋိဿုဏိတွာ၊ ရှေးရှုနားထောင်ပြီး၍။ဝါ၊ ဝန်ခံပြီး၍။တနည်း-ရညော၊

*မှတ်ချက်။ ။[ရညော ပဋိဿုဏိတွာ-ဟူသောပုဒ်၌ သီလာဃ-သုတ်ဝယ် ပဋိရှေး, အာ-ရှေးရှိသော သု-ဓာတ်၏အယဥ် သမ္ပဒါန်ဟုဆိုသော သဒ္ဒါနည်းကိုထောက်၍ ပဌမနည်းကို ယောဇနာလိုက်ပေ၏၊ ဘဂ္ဂဝတောပစ္စဿော သီတိဘဂ္ဂဝတောဝစနံ ပဋိအဿောသိ-ဟူသော ဝေရဉ္စကဏ္ဍ အဋ္ဌကထာကို ထောက်၍ ဒုတိယနည်းကို ယောဇနာလိုက်ပေ၏။

မင်း၏စကားကို။ ပဋိဿုဏိတွာ၊ ပြီး၍။ ပဥ္စမတ္တာနိ၊ ကုန်သော။ ဟတ္ထိနိကာသတာနိ၊ ဆင်မတို့၏အရာတို့ကို။ ဝါ၊ အရာသောဆင်မတို့ကို။ တနည်း-ပဥ္စမတ္တာနိဟတ္ထိနိကာသတာနိ၊ ငါးရာသောဆင်မတို့ကို။ ကပ္ပါပေတွာစ၊ ပြင်ဆင်စေပြီး၍လည်းကောင်း။ ဝါ၊ က-တင်စေပြီး၍လည်းကောင်း။ ရညော၊ မင်း၏။ ဝါ၊ မင်းသည်။ အာရောဟနီယံ၊ စီးအပ်,စီးသင်, စီးထိုက်သော။ ဝါ၊ စီးခြင်းငှာထိုက်သော။ ဝါ၊ စီးတော်ဆင်ဖြစ်သော။ နာဂံ၊ဆင်ကို။ကပ္ပါပေတွာစ၊စေပြီး၍လည်းကောင်း။မာဂဓဿ၊သော။အဇာတသတ္တုဿ၊ သော။ ဝေဒေဟိပုတ္တဿ၊ သော။ ရညော၊ အား။ ပဋိဝေဒေသိ၊ သိစေပြီ။ ဝါ၊ သံတော်ဦးတင်ပြီ။ ကိံ၊ သို့။ ပဋိဝေဒေသိ၊ သနည်း။

ဒေဝ၊ အရှင်မင်းမြတ်။ ဗယာ၊ ဘုရားကျွန်သည်။ တေ၊အရှင်မင်းမြတ်၏။ ဟတ္ထိယာနာနိ၊ တို့ကို။ ကပ္ပိတာနိ၊ အပ်ပါကုန်ပြီ။ ဒါနိ၊ ဤအခါ၌။ ဝါ၊ယခုအခါ၌။ တွံ၊ သင်။ ယဿဒါနိ ကာလံ မညသိ ဟူသောပါဠိ၌ ယဿ ဂမနဿ ဝါ၊ အကြင်ထွက်စံ စမ္ပယ်တော်မူခြင်း၏သော်လည်းကောင်း။ ယဿ အဂမနဿ ဝါ၊ အကြင်မထွက်စံ မစမ္ပယ်တော်မူခြင်း၏သော်လည်းကောင်း။ ကာလံ၊ အချိန်အခါကို။ မညသိ၊ သိတော်မူပါ၏။ တဒေဝ ဂမနာဂမနံ၊ ထိုထွက်စံစမ္ပယ်တော်မူခြင်း,မထွက်စံမစမ္ပယ်တော်မူခြင်းကိုသာလျှင်။ တုံ၊ သည်။ ဣတ္တနော၊ မိမိ၏။ ရုစိယာ၊ အလိုအားဖြင့်။ ကရောဟိ၊ ပြုတော်မူပါလော့။ ဣတိ၊ သို့။ ပဋိဝေဒေသိ၊ပြီ။

၁၅၉။ အထ-တသ္မိံ ကာလေ၊ သမားတော်ဇီဝက-က သံတော်ဦးတင်ရာထိုအခါ၌။ မာဂဓော၊ သော။ အဇာတသတ္တု၊သော။ ဝေဒေဟိပုတ္တော၊ သော။ ရာဇာ၊ သည်။ ပဉ္စသု၊ ကုန်သော။ ဟတ္ထိနိကာသတေသု၊ တို့၌။ ပစ္စေကာ၊ အသီးအသီး တယောက်စီ တယောက်စီကုန်သော။ ဣတ္ထိယော၊ တို့ကို။ အာရောပေတွာ၊ တက်စေပြီး၍။ ဝါ၊တင်ပြီး၍။ အာရောဟနီယံ၊ သော။ နာဂံ၊ ကို။ အဘိရုဟိတွာ၊ တက်စီးပြီး၍။ ဥက္ကာသု၊မီးရှူးတို့ကို။ ဓာရိယမာနာသု၊ ဆောင်အပ်ကုန်သည်ရှိသော်။ *မဟစ္စာ၊ ကြီးကျယ်များမြတ်သော။ ရာဇာနုဘာဝေန၊ မင်း၏အာနုဘော်ဖြင့်။ ဝါ၊ မင်း၏တံသမင်္ဂီပုဂ္ဂိုလ်ကို ဗဟုဘန်တိုးပွါးစေတတ်သောအင်္ဂါတိုင်း,မဂဓတိုင်း နှစ်တိုင်းကိုအစိုးရခြင်းဟူသော အာဏာဖြင့်။ ရာဇဂဟမှာ၊ ရာဇဂြိုဟ်ပြည်မှ။ နိယျာသိ၊ ထွက်သွားပြီ။

ဝဏ္ဏာဂမော ဝဏ္ဏဝိပရိယာယော၊ ဒွေစာပရေဝဏ္ဏဝိကာရနာသာ၊ ဓာတုဿ စတ္ထာတိသယေန ယောဂေါ၊ တဒုစ္စတေ ပဉ္စဝိဓံ နိရုတ္တံ-ဟူသော နိရုတ္တိလက္ခဏာ ငါးပါးတို့တွင် အတ္ထာတိသယယောဂ-ဟူသောနိရုတ္တိလက္ခဏာကို ရည်ရွယ်၍ တတိယနည်းကို ယောဇနာလိုက်ပေ၏၊ ဓာတုဿ-ပုဒ်ကား ဥပလက္ခဏနည်း မျှသာတည်း၊ ပဒဿ-ဟူ၍လည်းရကောင်းသည်သာ၊ အရာတိုင်းနည်းယူ။]

*မှတ်ချက်။ ။[မဟစ္စ ရာဇာနုဘာဝေန-ဟူသောပါဠိ၌ မဟစ္စ ရာဇာနုဘာဝေန-ဟူ၍လည်းကောင်း, မဟစ္စာ ရာဇာနုဘာဝေန-ဟူ၍လည်းကောင်း,မဟစ္စ ရာဇာနုဘာဝေန- ဟူ၍လည်းကောင်း နိဂ္ဂဟိတန္တ, အာကာရန္တ, အကာရန္တ ပါဌ်သုံးထွေရှိကြ၏၊ထိုတွင်မဟစ္စံရာဇာနုဘာဝေန-ဟူသောနိဂ္ဂဟိတန္တပါဌ်သည် မဟစ္စံရာဇာနုဘာဝေနာတိ မဟတာ ရာဇာနုဘာဝေန-ဟူသော အဋ္ဌကထာပါဌ်

နိယျာယိတွာ၊ ထွက်သွား၍ပြီး၍။ ယေနဌာနေန၊ အကြင်အရပ်၌။ ကောမာရဘစ္စသာ၊ သော။ ဇီဝကဿ၊ ၏။ အမ္ဗဝနံ၊ သည်။ အတ္ထိ၊ ရှိ၏။ တေနဌာနေန၊ ထိုဇီဝက၏ သရက်ဥယျာဉ်ရှိရာ အရပ်သို့။ ပါယာသိ၊ သွားပြီ။

တနည်း။ ။ယေနမဂ္ဂေန၊ အကြင်ခရီးဖြင့်။ ကောမာရ ဘစ္စဿ၊သော။ ဇီဝကဿ၊ ၏။ အမ္ဗဝနံ၊ သို့။ ပါယာတဗ္ဗံ၊ သွားအပ်,သွားသင့်,သွားထိုက်၏။ တေနမဂ္ဂေန၊ ထို ခရီးဖြင့်။ ကောမာရဘစ္စဿ၊ သော။ ဇီဝကဿ၊ ၏။ အမ္ဗဝနံ၊ သို့။ ပါယာသိ၊ သွားပြီ။ အထ-တသ္မိံကာလေ၊ သရက်ဥယျာဉ်သို့ သွားရာ ထိုအခါ၌။ မာဂဓဿ၊ သော။ အဇာတ သတ္တုဿ၊ သော။ ဝေဒေဟိပုတ္တဿ၊ သော့။ ရညော၊ အား။ အမ္ဗဝနဿ၊ ၏။ အဝိဒူရေ၊ အနီး၌။ ဘယံ၊ ကြောက်တတ်သော စိတ္တုတြာသ ဘေးသည်။ အဟုဒေဝ၊ ဖြစ်သည်သာ။ ဆမ္ဘိတတ္တံ၊ ကိုယ်၏တုန်လှုပ်သည်၏ အဖြစ်သည်။ အဟုဝေ၊ ဖြစ်သည်သာ။ လောမဟံသော၊ အမွေးတို့၏ ရှင်ခြင်းသည်။ ဝါ၊ ကြက်သီးမွေးညှင်း ထခြင်းသည်။ အဟုဝေ၊ သာ။

နှင့်လည်းကောင်း၊ မဟာစန္ဒိပဒေ ကရဏာဌေ့ ပစ္စတ္တဝစနန္တိ အာဟ မဟာတာတိ-ဟူသော သီလက္ခန်ဋီကာဟောင်း,ဋီကာသစ်,ဗာဟိရနိဒါန်း သာရတ္ထဋီကာပါဠိ တို့နှင့် လည်းကောင်းညီ၏။

မဟာစ္စာရာဇာနုဘာဝေန-ဟူသော အာကာရန္တပါဠိသည်လည်း မဟာစ္စာတိပိ ပါဠိ၊မဟတိယာတိ အတ္ထော၊ လိင်္ဂဝိပရိယာယေသ-ဟူသော သီလက္ခန် အဋ္ဌ ကထာပါဠိ။နကေဝလံ နိဂ္ဂဟိတန္တဝသေနေဝ ပါဌော၊အထခေါ အာကာရန္တဝ သေနပီတိအာဟ မဟစ္စာတိပိပါဠိတိ၊ ယထာ ခတ္တိယာတိဝတ္တဗ္ဗေခတျာတိ၊ ဇဝံ မဟတိယာတိဝတ္တဗ္ဗေ မဟတျာ၊ ပုန စ-ကာရံကတ္ဝာ မဟစ္စာတိသန္ဓိဝသေန ပဒ သိဒ္ဓိ၊ ပုလ္လိင်္ဂဝသေန ဝတ္တဗ္ဗေ ဣတ္ထိလိင်္ဂဝသေန ဝိပလ္လာသော လိင်္ဂဝိပရိယာယော၊ ဝိဓသသနံ ဟိ ဘိယျောဝိသေသျလိင်္ဂါဒိဂါဟကံ-ဟူသောဋီကာသစ်။ မဟစ္စာတိ မဟတိယာ၊ လိင်္ဂဝိပလ္လာသေနစေတံဝုတ္တံ-ဟူသောပဉ္စကနိပါတ် အင်္ဂုတ္တိုရ် မုဏ္ဍ ရာဇဝဂ် ဒသမသုတ်ဋီကာ,မဇ္ဈိမပဏ္ဏာသ ဓမ္မစေတိယသုတ်ဋီကာတို့နှင့်ညီ၏။

မဟစ္စရာဇာနုဘာဝေန-ဟူသော အကာရန္တပါဠိကား ဆောင်ပြအပ်ပြီး သော အဋ္ဌကထာ,ဋီကာပါဠိတို့နှင့်မညီ၊ မညီသော်လည်း သမာသ်ပုဒ်အဖြစ်ဖြင့် ယူခဲ့သော် သင့်မြတ်ရာ၏။

မောဂ္ဂလာန် နိဿယသစ်ဆရာကား - မဟစ္စာတိကရဏာဌေ့ ပစ္စတ္တဝစနံ၊မဟ တာစရာဇာနုဘာဝေန-ဟူသောသာရတ္ထဋီကာပါဠိ၌မဟာတာစ—ဟု စ-သဒ္ဒါကို မြင်၍ မဟစ္စ-ဟူသော စ-သဒ္ဒါသဒ္ဒွေဘော်နှင့်ရှိသောပါဠိမှာ စ-သဒ္ဒါ ဒွေးဘော် နှင့်ရှိသောပါဠိမဟုတ်၊စဝဂ္ဂန္တ ဥ—နှင့်မဟည္ထ-ဟူသောပါဠိကိုယူ၍ မဟည္ထ ရာဇာ နုဘာဝေန-ဟု ပါဠိရင်းဖြစ်ရာ၏၊ ဂစ္ဆန္တာဒိ ဂိုဏ်းအတိုင်း မဟန္တ-သိ-တည်၍ သိ-ကြောင့် န္တ-ကို အံ-ပြု၍ပြီး၏ဟု ကြံသင့်၏၊ ဆင်ခြင်ဟုဆို၏။

အထ-တသ္မိံကာလေ၊ကြောက်လန့်ရာ ထိုအခါ၌။မာဂဓော၊ သော။ အဇာတသတ္တု၊ သော။ ဝေဒေဟိပုတ္တော၊ သော။ ရာဇာ၊ သည်။ ဘီတော၊ ကြောက်သည်။ သံဝိဂ္ဂေါ၊ ထိတ်လန့်သည်။ လောမဟဋ္ဌဇာတော၊ ဖြစ်သောအမွေးတို့၏ ရှင်ခြင်းရှိသည်။ ဝါ၊ ဖြစ်သော ကြက်သီးမွေးညှင်းထခြင်းရှိသည်။ ဟုတွာ၊ ဖြစ်၍။ ကောမာရဘစ္စံ၊ သော။ ဇီဝကံ၊ ကို။ ဧတံ ဝစနံ၊ ကို။ အဝေါစ၊ ပြီ။ ကိံ၊ သို့။ အဝေါစ၊ သနည်း။ သမ္မဇီဝက၊ က။ ကစ္စိ၊ အသို့နည်း။ တွံ၊ သည်။ မံ၊ ငါ့ကို။ နဝဉ္စေသိ၊ မလှည့်ပတ်ပါ၏လော။ ဝါ၊ မလှည့်ပတ်ဘဲရှိပါ၏လော။ သမ္မဇီဝက၊ က။ ကစ္စိ၊ နည်း။ တွံ၊ သည်။ မံ၊ ကို။ နပလမ္ဘေသိ၊ မဖြားယောင်းပါ၏လော။ ဝါ၊ မဖြားယောင်းဘဲ ရှိပါ၏လော။ သမ္မဇီဝက၊ က။ ကစ္စိ၊ နည်း။ တွံ၊ သည်။ မံ၊ ကို။ ပစ္စတ္ထိကာနံ၊ ဆန့်ကျင်ဘက်ကို အလိုရှိကြကုန်သော ရန်သူတို့အား။ နဒေသိ၊ မပေးပါ၏လော။ ဝါ၊ မပေးဘဲရှိပါ၏လော။

ကထံဟိ၊ အဘယ်အကြောင်းကြောင့်။တာဝမဟတော၊ ထိုမျှလောက် များပြားသော။ ဝါ၊ သို့ကလောက်များပြားသော။ ဘိက္ခုသံဃဿ၊ အား။ ဝါ၊ ၏။ အစုတွေ့ငသန္နိ၊ ကုန်သော။ ဘိက္ခုသတာနံ၊ တို့အား။ ဝါ၊ တို့၏။ ခိပိတသဒ္ဒေါ၊ ချောင်းဆတ်သံသည်။ နေဝ

သီလက္ခန်ဋီကာဟောင်း,ဋီကာသစ်တို့၌ မဟတ္တံ-ဟု စ-သဒ်သဒ္ဓေဘော်နှင့် နိဂ္ဂဟိတန္တပါ၌သာရှိ၏၊မဟတ္တံ-ဟူသောပုဒ်၌မဟန္တောဃေဝမဟတ္တံ-ဟုသကတ္တတဒ္ဓိတ်ဝိဂ္ဂြိုဟ်ပြုအပ်၏၊ဏျတ္တတာဘာဝေတု-ဟူသောသုတ်၌ ဏျတ္တတာ-ဟူသော ယောဂဝိဘာဂဖြင့် သကတ္တ၌ ဏျ-ပစ္စည်းသက်၊ ဏ-အနုဗန်ကိုချေ၊ တ-ကို ယ-သို့ကပ်၊ ယဝတံ တလဏဒကာရာနံ ဗျဉ္ဇနာနိ စလဉဇကာရတ္တံ- ဟူသော သုတ်ဖြင့် ယပင့် ရှိသော တ-ကို စ-ပြု၊ စ-ဒွေဘော်ဆောင်၊ မဟစ္စ ပြီး၏။

သီလက္ခန်ဋီကာသစ်၌ မဟန္တဿဘာဝေါ မဟတ္တံ-ဟု ဘာဝတဒ္ဓိတ်ဝိဂ္ဂြိုဟ်ပြု၏၊ ထိုဘာဝတဒ္ဓိတ် ဝိဂ္ဂြိုဟ်သည် မဟတ္တေန-ဟူ၍ရင်း,မဟန္တဘာဝေန-ဟူ၍ရင်း မဆိုမူ၍ မဟတာ-ဟု ဆိုအပ်သော အဋ္ဌကထာ ပါဠ်နှင့်မညီ။

မဟစ္စာ-ဟူသောပုဒ်၌ မဟန္တ-တည်၊ နဒါဒိတောဝါ ဤ-ဟူသော သုတ်ဖြင့် မဟန္တနောင် ဤ-ပစ္စည်းသက်၊ သေသေသုန္တု၀-ဟူသော သုတ်ဖြင့် ဤ-ပစ္စည်းကြောင့် န္တ-ပစ္စည်းကို န္တု-ပစ္စည်းကိုကဲ့သို့ငဲ့၊ န္တုဿတမီကာရေ-ဟူသောသုတ်ဖြင့် ဤ-ပစ္စည်းကြောင့် န္တု-ကို တ-ပြု၊ မဟတီ ဖြစ်၏၊ နာမ်ငဲ့၊ နာ-သက်၊ ဤ-ကို ပ-အမည်မှည့်၊ အမာပတော သ္မိံသ္မာနံဝါ-ဟူသော သုတ်၌ အာပတော-ဟူသော ယောဂဝိဘာဂဖြင့် ပ-နောင်မှ နောင်သော နာ-ကို အာ-ပြု၊ ပသညဿစ-ဟူသော သုတ်ဖြင့် ပ-အမည်ရှိသော ဤ-ကို ယ-ပြု၊ ယ-အာသို့ ကပ်၊ တ-ယာ သို့ကပ်၊ မဟတျာ-ဖြစ်၏၊ ယဝတံ-စသောသုတ်ဖြင့် ယ-ပင့်ရှိသော တျ-ကို စ-ပြု၊ စ-ဒွေဘော်ဆောင်၊ မဟစ္စာ ပြီး၏။

သမာသ်နှင့်ရှိခဲ့သော် မဟန္တောဃေဝ မဟစ္စံ ဏျပစ္စယဿ သကတ္တဝုတ္တိတ္တာ၊ မဟစ္စဿ ရညော အာနုဘာဝေါ မဟစ္စရာဇာနုဘာဝေါ၊ ရညောဝါ အာနုဘာဝေါ ရာဇာနုဘာဝေါ၊ မဟစ္စံရာဇာ နုဘာဝေါ မဟစ္စရာဇာနုဘာဝေါ၊ တေန-မဟစ္စရာဇာနုဘာဝေန-ဟု ကြံသင့်၏။]

ဘဝိဿတိနာမ၊ မဖြစ်ရာသတဲ့နည်း။ ဝါ၊ မဖြစ်ဘဲရှိရာသတဲ့နည်း။ ဥက္ကာသိတသဒ္ဒေါ၊ ချောင်းဆိုသံသည်။ နဘဝိဿတိနာမ၊ သတဲ့နည်း။ နိဂ္ဃေါသော၊ ကြွေးကြော်သံသည်။ နဘဝိဿတိနာမ၊ သတဲ့နည်း။ ဘဝတိဧဝ၊ ဖြစ်ရမည်သာ။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။

ဧဝံ၊ ဤသို့။ ဝုတ္တေ၊ အဇာတသတ်မင်းက ပြောဆိုအပ်သည် ရှိသော်။ ကောမာရဘစ္စော၊ သော။ ဇီဝကော၊ သည်။ မာဂဓံ၊ သော။ အဇာတသတ္တုံ၊ သော။ ဝေဒေဟိပုတ္တံ၊ သော။ ရာဇာနံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ သံတော်ဦးတင်ပြီ။ ကိံ၊ သို့။ အဝေါစ၊ သနည်း၊ မဟာရာဇ၊ အရှင်မင်းမြတ်။ တွံ၊ အရှင်မင်းမြတ်သည်။ မာဘာယိ၊ ကြောက်တော်မမူပါသင့်။ မဟာရာဇ၊ မြတ်။ တွံ၊ သည်။ မာဘာယိ၊ လင့်။ ဒေဝ၊ မြတ်။ အဟံ၊ ဘုရားကျွန်သည်။ တံ၊ အရှင်မင်းမြတ်ကို။ နဝဉ္စေမိ၊ မလှည့်ပတ်ဝံ့ပါ။ ဝါ၊ လှည့်ပတ်ဝံ့မည့်သူမဟုတ်ပါ။ ဒေဝ၊ မြတ်။ အဟံ၊ သည်။ တံ၊ ကို။ နပလမ္ဘာမိ၊ မဖြားယောင်းဝံ့ပါ။ ဝါ၊ ဖြားယောင်းဝံ့မည့်သူမဟုတ်ပါ။ ဒေဝ၊ မြတ်။ အဟံ၊ သည်။ တံ၊ ကို။ ပစ္စတ္ထိကာနံ၊ တို့အား။ နဒေမိ၊ မပေးဝံ့ပါ။ ဝါ၊ ပေးဝံ့မည့်သူ မဟုတ်ပါ။ မဟာရာဇ၊ မြတ်။ တွံ၊ သည်။ အဘိက္ကမ၊ ရှေးရှုသာသွားတော်မူပါလော့။ မဟာရာဇ၊ မြတ်။ တွံ၊ သည်။ အဘိက္ကမ၊ လော့။ မဏ္ဍလမာဠေ၊ တန်ဆောင်းဝန်း၌။ ဧတေဒီပါ၊ ဤဆီမီးတို့ကို၊ ဈာယန္တိ၊ ညှိထွန်းအပ်ပါကုန်၏။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။

သာမညဖလပုစ္ဆာကထာ

၁၆၀။ အထ-တသ္မိံကာလေ၊ သမားတော်ဇီဝက-က သံတော်ဦးတင်ရာ ထိုအခါ၌။ မာဂဓော၊ သော။ အဇာတသတ္တု၊ သော။ ဝေဒေဟိပုတ္တော၊ သော။ ရာဇာ၊ သည်။ နာဂဿ၊ စီးတော်ဆင်၏။ ဘူမိ၊ သွားလောက်ရာမြေအရပ်သည်။ ယာဝတိကာ၊ အကြင်မျှလောက် အတိုင်းအရှည်ရှိ၏။ တာဝတိကံ၊ သော။ ဘူမိံ၊ မြေအရပ်သို့။ နာဂေန၊ ဖြင့်။ ဂန္တွာ၊ သွားပြီး၍။ [နိယမထည့်] နာဂါ၊ ဆင်တော်မှ။ ပစ္စောရောဟိတွာ၊ တဘန်သက်ဆင်းပြီး၍။ * ပတ္တိကောဝ၊ ခြေဖြင့် သွားသည်သာလျှင်။ ဝါ၊ ခြေချည်းသွားသည်သာလျှင်။ ဝါ၊ ခြေကျင်သွားသည်သာလျှင်။ ဟုတ္វာ၊ ၍။ ယေနဒွါရေန၊ အကြင်အရပ်၌။ မဏ္ဍလမာဠဿ၊ ၏။ ဒွါရံ၊ တံခါးသည်။ အတ္ထိ၊ ရှိ၏။ တေနဒွါရေန၊ ထိုတန်ဆောင်းဝန်း တံခါးရှိရာ အရပ်သို့။ ဥပသင်္ကမိ၊ သွား၏။ ဝါ၊ အနီးသို့ သွား၏။ ဝါ၊ ရောက်၏။ ဝါ၊ အနီးသို့ ရောက်၏။ ဝါ၊ ချဉ်းကပ်၏။ ဥပသင်္ကမိတွာ၊ သွားပြီး၍။ ကောမာရဘစ္စံ၊ သော။ ဇီဝကံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ ပြီ။ ကိံ၊ သို့။ အဝေါစ၊ သနည်း။

သမ္မဇီဝက၊ က။ ဘဂဝါ၊ သည်။ ကဟံပန၊ အဘယ်မှာပါနည်း။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။ ဧဝံ၊ သို့။ ဝုတ္တေ၊ အဇာတသတ်မင်းကပြောဆိုအပ်သည်ရှိသော်။ ကောမာရဘစ္စော၊

* မှတ်ချက်။ ။ [ပတ္တိကော-ဟူသောပါဠိ၌ ပဒသာ ဂစ္ဆတီတိ ပတ္တိ၊ ပတ္တိ ဧဝ ပတ္တိကော၊ ပဒ-ဂမနေ ဓာ၊ ဒွိတ္တံ၊ ပဒေန ပဘာတီတိ ဝါ ပတ္တိ၊ ပတ္တိ ဧဝ ပတ္တိကော၊ အလောပေါ ဒဿ တော၊ ပဒသဒ္ဒူပပဒ ပတ-ဂမနေ ဓာ-ဟု ဝစနတ္ထပြု အပ်၏။]

သော။ ဇီဝကော၊သည်။ မာဂဓံ၊ သော။ အဇာတသတ္တုံ၊ သော။ ဝေဒေဟိပုတ္တံ၊ သော။ ရာဇာနံ၊ကို။တေံဝစနံ၊ ကို။အဝေါစ၊ ပြီ။ ကိံ၊ သို့။အဝေါစ၊ သနည်း။ မဟာရာဇ၊ မြတ်။ သော၊တောင်ရှစ်ဆယ်လောက်အရောင်တောက်လျှက် ထက်,အောက်,ဘီလာ စက္ကဝါ အနန္တ သုံးဆယ့်တနိုင်ငံဝယ် ပြိုင်စံဘွယ်မရသော ဤပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးသည်။ ဘဂဝါ၊မြတ်စွာဘုရားပေတည်း။ ဝါ၊မြတ်စွာဘုရားပ။ မဟာရာဇ၊ မြတ်။ သောဘဂဝါ၊ သည်။ ဘိက္ခုသံဃဿ၊ ရဟန်းအပေါင်း၏။ ဝါ၊ သည်။ ပုရက္ခတော၊ ရှေ့၌ထားအပ်သည်။ ဝါ၊ရှေ့သွားပြုအပ်သည်။ ဟုတွာ၊ ဖြစ်၍။ မဇ္ဈိမံ၊ အလယ်ဖြစ်သော။ ထမ္ဘံ၊ တိုင်ကို။ နိဿာယ၊ မှီတော်မူ၍။ ပုရတ္ထာဘိမုခေါ၊ အရှေ့အရပ်သို့ ရှေးရှုမျက်နှာမူလျက်။ နိသိန္နော၊ နေတော်မူပါပြီ။

တနည်း။ ။မဟာရာဇ၊ မြတ်။ ယောပုဂ္ဂလဝိသေသော။ တောင်ရှစ်ဆယ်လောက် အရောင်တောက်လျက်ထက်,အောက်,ဘီလာ စက္ကဝါအနန္တသုံးဆယ့်တနိုင်ငံဝယ် ပြိုင်စံဘွယ်မရသော အကြင်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးသည်။ ဘိက္ခုသံဃဿ၊၏။ ဝါ၊ သည်။ ပုရက္ခတော၊သည်။ဟုတွာ၊ ၍။ မဇ္ဈိမံ၊ သော။ ထမ္ဘံ၊ ကို။ နိဿာယ၊ ၍။ပုရတ္ထာဘိမုခေါ၊ လျက်။နိသိန္နော၊ ပြီ။ သောပုဂ္ဂလ ဝိသေသော၊ သည်။ ဘဂဝါ၊တည်း။ဝါ၊ ပ။ ဣတိ၊ သို့။ အဝေါစ၊ သံတော်ဦးတင်ပြီ။

၁၆၁။ အထ-တသ္မိံ ကာလေ၊ သမားတော် ဇီဝက-က သံတော်ဦးတင်ရာ ထို အခါ၌။ မာဂဓော၊ သော။ အဇာတသတ္တု၊ သော။ ဒေဝေဟိပုတ္တော၊ သော။ ရာဇာ၊ သည်။ ယေနဌာနေန၊ ၌။ ဘဂဝါ၊ သည်။ အတ္ထိ၊ ရှိတော်မူ၏။တေနဌာနေန၊ ထိုမြတ်စွာ ဘုရားရှိတော်မူရာ အရပ်သို့။ ဥပသင်္ကမိ၊ သွား၏။ ဝါ၊ အနီးသို့သွား၏။ ဝါ၊ ရောက်၏။ ဝါ၊ အနီးသို့ရောက်၏။ ဝါ၊ ချဉ်းကပ်၏။

တနည်း။ ။ယေနမဂ္ဂေန၊အကြင်ခရီးဖြင့်။ဘဂဝါ၊ သို့။ဥပသင်္ကမိတဗ္ဗော၊ ချဉ်းကပ် အပ်,ချဉ်းကပ်သင့်,ချဉ်းကပ်ထိုက်၏။ တေနမဂ္ဂေန၊ ဖြင့်။ ဘဂဝန္တံ၊ သို့။ ဥပသင်္ကမိ၊ ၏။

တနည်း။ ။ဒိဇဂဏေဟိ၊ ငှက်အပေါင်းတို့သည်။ နိစ္စဖလိတမဟာရုက္ခော၊ အမြဲ ဖြစ်သော အသီးရှိသော သစ်ပင်ကြီးသို့။ သာဒုဖလူပဘောဂါ မိပ္ပါယေန၊ ချိုမြိန်ကောင်း မြတ်သော အသီးကို စားလိုခြင်းဟူသော အကြောင်းကြောင့်။ ဥပသင်္ကမိတဗ္ဗောဝိယ၊ ချဉ်းကပ်အပ်သကဲ့သို့။ တထာ၊ ထို့အတူ။ယေနကာရဏေန၊ အကြင်အထူးထူးအပြားပြား သော လောကီ,လောကုတ္တရာဂုဏ်ကျေးဇူးကို ရလိုခြင်းဟူသောအကြောင်းကြောင့်။ဒေဝ မနုဿေဟိ၊နတ်လူတို့သည်။ ဘဂဝါ၊သို့။ ဥပသင်္ကမိတဗ္ဗော၊ချဉ်းကပ်အပ်၏။ တေနကာရဏေန၊ထိုအထူးထူးအပြားပြားသော လောကီ,လောကုတ္တရာဂုဏ်ကျေးဇူးကို ရလိုခြင်းဟူသော အကြောင်းကြောင့်။ ဘဂဝန္တံ၊ သို့။ ဥပသင်္ကမိ၊၏။ ဥပသင်္ကမိတွာ၊ပြီး၍။ ဧကမန္တံ၊ တခုသော အစွန်အဖျား အနားကျအောင်။ဝါ၊တခုသော အစွန်အဖျား အနားရပ်၌။ဝါ၊ ဝေး,နီး,လေညာ မြင့်လွန်းရာနှင့် ရှေ့မှာစူးစူး နောက်ရပ်ထူးဟု ခြောက်ဦးညစ်ကြေး နေ ပြစ်ဘေးမှ ကင်းဝေးလျောက်ပတ် ခဆည်းကပ်ဘို့ သင့်မြတ်သောတခုသော အစွန်အဖျား အနားကျအောင်။ဝါ၊ အနားရပ်၌။ဝါ၊ဝေး,နီး,ရှေ့,နောက် လေအောက်,လေညာ နိမ့်, မြင့်ရာဟု ရှစ်ဖြာညစ်ကြေး နေပြစ်ဘေးမှ ကင်းဝေးလျောက်ပတ် ခဆည်းကပ်ဘို့ သင့်မြတ် သော တခုသော အစွန်အဖျားအနားကျအောင်။ ဝါ၊ အနားရပ်၌။အဌာသိ၊ရပ်တည်၏။

ကေမန္တံ၊ အောင်။ ဝါ၊ ၌။ ဠိတော၊ ရပ်တည်ပြီးသော။ မာဂဓော၊ သော။ အဇာတ သတ္တု၊ သော။ ဝေဒေဟိပုတ္တော၊ သော။ ရာဇာ၊သည်။ ငပွသန္နံ၊ နှံ့ညွန်မတင် သန့်ရှင်း စင်၍ အထူးသဖြင့် ကြည်သင်သော။ ရဟာဒံ၊ ရေအိုင်ကို။ အနုဝိလောကေတိဗ္ဗဝ၊ ကြည့် သကဲ့သို့။ တထာ၊ ထို့အတူ။ * တုဏှီဘူတံ တုဏှီဘူတံ၊ ဆိတ်ဆိတ်နေသည်ဖြစ်၍ဖြစ်, ဆိတ်ဆိတ်နေသည် ဖြစ်၍ ဖြစ်သော။ ဘိက္ခုသံဃံ၊ ရဟန်း အပေါင်းကို။ အနုဝိလော ကေတွာ၊ အဘန်ဘန်ကြည့်ရှုပြီး၍။ ဥဒါနံ၊ ဥဒါန်းစကားကို။ ဝါ၊ ဝမ်းမြောက် နှစ်သက် စိတ်နှလုံးမှ ပိုလျှံ၍ထွက်သော အမြွက်စကားကို။ ဝါ၊ ပီတိအစွမ်း ကိုယ်လုံးလွှမ်းသည့် ဥဒါန်းစကားကို။ ဥဒါနေသိ၊ ကျူးရင့်ပြီ။ ဝါ၊ မြွက်ဆိုပြီ။ ကိံ၊ သို့။ ဥဒါနေသိ၊ သနည်း။

တေရဟိ၊ ၌အခါ၌။ ဝါ၊ ယခုအခါ၌။ ဘိက္ခုသံဃော၊ ရဟန်းအပေါင်းသည်။ယေန ဥပသမေန၊ အကြင်ကိုယ်, နှုတ်, စိတ်၌ဖြစ်သော သီလတည်းဟူသော ငြိမ်သက်ခြင်း နှင့်။ ဝါ၊ အကြင်ကိုယ်, နှုတ်, စိတ်၌ ဖြစ်သော သီလတည်းဟူသော ငြိမ်သက်ခြင်း ကြောင့်။ ဝါ၊ မှ။ သမန္နာဂတော၊ ကောင်းစွာလျော်စွာယှဉ်ခဲ့၏။ ဝါ၊ ပြည့်စုံခဲ့၏။ ဝါ၊ ကောင်းစွာလျော်စွာဖြစ်ခဲ့၏။ မေ၊ အကျွန်ုပ်၏။ ပုတ္တော၊ သားဖြစ်သော။ ဥဒယဘဒ္ဒေါ၊ ဥဒယဘဒ္ဒအမည်ရှိသော။ ကုမာရော၊ မင်းသားသည်။ ဝါ၊သတို့သားသည်။ တေနဥပသ မေန၊ ၌ကိုယ်,နှုတ်,စိတ်၌ ဖြစ်သောသီလတည်းဟူသော ငြိမ်သက်ခြင်းနှင့်။ ဝါ၊ကြောင့်။ ဝါ၊ မှ။ သမန္နာဂတော၊ ကောင်းစွာလျော်စွာယှဉ်သည်။ ဝါ၊ ပြည့်စုံသည်။ ဝါ၊ကောင်း စွာလျော်စွာဖြစ်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဝါ၊ ဖြစ်ပါစေခဲလို။ ဝါ၊ ဖြစ်ပါ စေသား။ ဝါ၊ ဖြစ်ပါစေသော်။ ဝါ၊ ဖြစ်စေချင်ပါ၏။ ဣတိ၊ သို့။ ဥဒါနေသိ၊ပြီ။

ဧဝံ၊၌သို့။ ဝုတ္တေ၊ အဇာတသတ်မင်းက ဥဒါန်းကျူးရင့်အပ်သည်ရှိသော်။ ဘဂဝါ၊ သည်။ မာဂဓံ၊ သော။ အဇာတသတ္တုံ၊ သော။ ဝေဒေဟိပုတ္တံ၊ သော။ ရာဇာနံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ မိန့်တော်မူပြီ။ ကိံ၊ သို့။ အဝေါစ၊ သနည်း။ မဟာရာဇ၊ ဒါယကာတော်မင်းမြတ်။ တွံ၊ သည်။ ယထာပေမံ၊ အကြင်အကြင်ချစ်အပ်သောပုဂ္ဂိုလ်သို့။ အဂမာခေါ၊ သွားရောက်သည်သာ။ ဣတိ၊သို့။ အဝေါစ၊ မိန့်တော်မူပြီ။ ဧဝံ၊ ၌သို့။ ဝုတ္တေ၊ မြတ်စွာဘုရားက မိန့်တော်မူအပ်သည်ရှိသော်။ မာဂဓော၊ သော။ အဇာတ သတ္တု၊ သော။ ဝေဒေဟိပုတ္တော၊ သော။ ရာဇာ၊သည်။ ဘဂဝန္တံ၊ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ လျှောက်ပြီ။ ကိံ၊သို့။အဝေါစ၊သနည်း။ ဘန္တေ၊ မြတ်စွာဘုရား။မေ၊ အကျွန်ုပ် သည်။ ဥဒယဘဒ္ဒေါ၊ သော။ ကုမာရော၊ ကို။ ပိယော၊ ချစ်အပ်ပါ၏။ ဘန္တေ၊ ရား။ တေရဟိ၊ ၌။ ဘိက္ခုသံဃော၊ သည်။ ယေနဥပသမေန၊ နှင့်။ ဝါ၊ ကြောင့်။ ဝါ၊မှ။ သမန္နာဂတော၊ ၏။ မေ၊၏။ ပုတ္တော၊ သော။ ဥဒယဘဒ္ဒေါ၊ သော။ ကုမာရော၊ သည်။ တေနဥပသမေန၊ နှင့်။ ဝါ၊ ကြောင့်။ ဝါ၊မှ။ သမန္နာဂတော၊သည်။ ဟောတု၊ တည်း။ ဝါ၊ ခလို။ ဝါ၊သား။ဝါ၊သော်။ ဝါ၊ ၏။ ဣတိ၊သို့။ အဝေါစ၊လျှောက်ပြီ။

*မှတ်ချက်။ ။ [တုဏှီဘူတံ တုဏှီဘူတံ ဟု ဝိစ္ဆာနှင့် ရှိသောပါဠိသာ အဋ္ဌကထာ, ဋီကာတို့နှင့်ညီ၏။]

၁၆၂။ အထ-ပဉ္စ၊ လျှောက်ထားပြီးရာကာလမှ နောက်၌။ မာဂဓော၊ သော။ အဇာတသတ္တု၊သော။ ဝေဒေဟိပုတ္တော၊ သော။ ရာဇာ၊သည်။ ဘဂဝန္တံ၊ကို။အဘိဝါဒေတွာ၊ရှိသေခိုးပြီး၍။ဝါ၊သုခံတေဟောတု-ဟု မိန့်တော်မူစေပြီး၍။အဘိကျေသံဃသော၊ ရဟန်းအပေါင်းအား။ အဉ္ဇလိံ၊ ရှိသေဆည်းကပ် ကျင့်ဝတ်မြတ်ကို ပြတတ်သော လက်အုပ်ကို။ ပဏာမေတွာ၊ ညွတ်စေ၍။ တနည်း–အဉ္ဇလိံပဏာမေတွာ၊ လက်အုပ်ချီ၍။ ဧကမန္တံ၊ အောင်။ဝါ၊၌။ နိသီဒိ၊၏။ဧကမန္တံ၊အောင်။ဝါ၊၌။ နိသိန္နောခေါ၊နေပြီးသော။ မာဂဓော၊ သော။ အဇာတသတ္တု၊ သော။ ဝေဒေဟိပုတ္တော၊သော။ ရာဇာ၊ သည်။ ဘဂဝန္တံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ လျှောက်ပြီ။ ကိံ၊သို့။အဝေါစ၊သနည်း။

ဘန္တေ၊ ရား။ ဘဂဝါ၊ သည်။ မေ၊ အကျွန်ုပ်အား။ ပဉ္စသာ၊ ပြဿနာကို။ ဝေယျာကရဏာယ၊ ဖြေဆိုခြင်းငှါ။ ဩကာသံ၊ အခွင့်ကို။ သစေကရောတိ၊ အကယ်၍ ပြုတော်မူပါအံ့။ ဧဝံကရောန္တေ၊ ဤသို့ပြုတော်မူခဲ့ပါသော်။ အဟံ၊အကျွန်ုပ်သည်။ ဘဂဝန္တံ၊ ကို။ ကိဉ္စိဒေဝ၊ တစုံတခုသောလျှင်ဖြစ်သော။ ဒေသံ၊ ရည်ညွှန်းအပ်သော။ လေသမတ္တံ၊ ကပ်ငြိတတ်သော အရိပ်အမြွက်မျှကို။ တနည်း–ကိဉ္စိဒေဝ၊သာလျှင်ဖြစ်သော။ လေသမတ္တံ၊ကပ်ငြိတတ်သော အရိပ်အမြွက်မျှဖြစ်သော။ ဒေသံ၊ ရည်ညွှန်းအပ်သော ပုစ္ဆိတဗ္ဗဋ္ဌာနကို။ ပုစ္ဆေယျာမိ၊မေးလျှောက်လိုပါ၏။ ဣတိ၊သို့။ အဝေါစ၊လျှောက်ပြီ။

ဧဝံ၊သို့။ဝုတ္တေ၊ အဇာတသတ်မင်းက လျှောက်ထားအပ်သည်ရှိသော်။ ဘဂဝါ၊သည်။ မာဂဓံ၊ သော။ အဇာတသတ္တုံ၊သော။ ဝေဒေဟိပုတ္တံ၊ သော။ ရာဇာနံ၊ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊မိန့်တော်မူပြီ။ ကိံ၊သို့။ အဝေါစ၊ သနည်း။ မဟာရာဇ၊ ဒါယကာတော်မင်းမြတ်။ တွံ၊ သည်။ မံ၊ ငါဘုရားကို။ ပဉှံ၊ ပြဿနာကို။ ပုစ္ဆိတုံ၊ မေးလျှောက်ခြင်းငှါ။ ယဒိအာကင်္ခသိ၊ အကယ်၍အလိုရှိခဲ့အံ့။ ဧဝံအာကင်္ခန္တေ၊ ဤသို့အလိုရှိခဲ့သော်။ တွံ၊ သည်။ မံ၊ကို။ ပဉှံ၊ကို။ ပုစ္ဆ၊ မေးလျှောက်လော့။

တနည်း။ ။မဟာရာဇ၊မြတ်။ တွံ၊သည်။ ယံပဉှံ၊ အကြင်ပြဿနာကို။ ပုစ္ဆိတုံ၊ ငှါ။ အာကင်္ခသိ၊ အလိုရှိခဲ့၏။ တံပဉှံ၊ကို။ မံ၊ကို။ပုစ္ဆ၊လော့။

တနည်း။ ။မဟာရာဇ၊ မြတ်။ တွံ၊သည်။ ယဒါ၊ အကြင်အခါ၌။ ပဉှံ၊ ကို။ပုစ္ဆိတုံ၊ ငှါ။ အာကင်္ခသိ၊ အလိုရှိခဲ့၏။ တဒါ၊ ထိုအခါ၌။ တွံ၊သည်။ မံ၊ကို။ပဉှံ၊ကို။ ပုစ္ဆ၊လော့။ ဣတိ၊သို့။ အဝေါစ၊မိန့်တော်မူပြီ။

၁၆၃။ ဧဝံ၊သို့။ ဝုတ္တေ၊ မြတ်စွာဘုရားက မိန့်တော်မူအပ်သည်ရှိသော်။ မာဂဓော၊ သော။ အဇာတသတ္တု၊သော။ ဝေဒေဟိပုတ္တော၊ သော။ ရာဇာ၊ သည်။ ဘဂဝန္တံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ ပြီ။ကိံ၊သို့။ အဝေါစ၊သနည်း။ ဘန္တေ၊ရား။ နုခေါ၊စင်စစ်ကေန်အမှန်အားဖြင့်။ ဣမာနိပုထုသိပ္ပါယတနာနိ၊ ဤများစွာသော အတတ်တို့သည်။ ဝါ၊ ဤများစွာသောအသက်မွေးခြင်း၏ အကြောင်းဖြစ်သော အတတ်တို့သည်။ ဝါ၊ဤများစွာသော အသက်မွေးခြင်း၏မှီရာ ဖြစ်သောအတတ်တို့သည်။ သန္တိ၊ ရှိပါကုန်၏။

သေယျထိဒံ၊ ထိုအတတ်သည်တို့ဟူကုန်သည် အဘယ်သည်တို့နည်း။ တနည်း– တေသိပ္ပိကာ၊ထိုအတတ်သည်တို့ဟူကုန်သည်။ သေယျထိဒံ၊ အဘယ်သည်တို့နည်း။ တနည်း– ဣဒံဣမေသိပ္ပိကာ၊ ဤအတတ်သည် တို့ဟူကုန်သည်။ သေယျထာ၊ အဘယ်သည်တို့နည်း။

ဟတ္ထာရောဟာ၊ ဆင်သို့တက်စီးတတ်သော ဆင်စီးသူရဲ, ဆင်သို့တက်စီး စေတတ်သော ဆင်ဆရာ,ဆင်ဆေးသမား,ဆင်ထိန်းတို့လည်းကောင်း။ အဿာရောဟာ၊ မြင်းသို့တက်စီးတတ်သော မြင်းစီးသူရဲ,မြင်းသို့တက်စီးစေတတ်သော မြင်းဆရာ, မြင်းဆေးသမား,မြင်းထိန်းတို့လည်းကောင်း။ ရထိကာ၊ ရထား၌ယှဉ်သော ရထားစီးသူရဲ, ရထားလုပ်ဆရာ, ရထားထိန်း, ရထားမယ်နဂေင့်တို့လည်းကောင်း။ ဓနုဂ္ဂဟာ၊လေးကို ကိုင်တတ်သော လေးသမား,လေးကို ကိုင်စေတတ်သော လေးဆရာတို့လည်းကောင်း။ စေလကာ၊ အောင်လံမြင့်စစ်သည်ရှေ့၌ သွားတတ်သောသူရဲတို့လည်းကောင်း။ စလကာ၊ စစ်သည်ကိုတုန်လှုပ်စေတတ်သော သူရဲတို့လည်းကောင်း။ ဝါ၊ စစ်ဆင်တတ်သော သူရဲတို့လည်းကောင်း။ * ပိဏ္ဍဒါယကာ၊ အသားဆိုင်ကို ထိုးသုတ်တတ်သော သိမ်းငှက်ကဲ့သို့ တပါးသောစစ်သည် အပေါင်းကို ခုတ်ဖြတ်၍ ခုန်ထွက်တတ်သော သူရဲတို့လည်းကောင်း။ ဝါ၊ ထန်းသီးခိုင်ကို ဖြတ်သကဲ့သို့ တပါးသော စစ်သည်တို့၏ဦးခေါင်းကိုဖြတ်၍ ခုန်ထွက်တတ်သော သူရဲတို့လည်းကောင်း။ ဝါ၊ စစ်သည်အပေါင်း၌ ခုန်လွှားသကဲ့သို့ ပြေးသွားတတ်သော သူရဲတို့လည်းကောင်း။ ဝါ၊ စစ်သည်အပေါင်း၌ ထမင်းဆိုင်ကိုပေးတတ်သော သူရဲတို့လည်းကောင်း။ ဥဂ္ဂါ၊ ကျော်စောသင်ရှားကုန်သော။ ရာဇပုတ္တာ၊ မင်းသားတို့လည်းကောင်း။ ပက္ခန္ဒိနော၊ တပါးသောစစ်သည့်ဘောင်သို့ ပြေးဝင်တတ်သော သူရဲတို့လည်းကောင်း။ မဟာနာဂါ၊ ဆင်ပြောင်ကြီးနှင့်တူသော သူရဲတို့လည်းကောင်း။ သူရာ၊ တယောက်ထည်းတည်းသွားလျက် ရဲရင့်တတ်သော သူရဲတို့လည်းကောင်း။ စမ္မယောဓိနော၊ သားရေချပ်ဝတ်,သားရေဒိုင်းကာဖြင့် စစ်ထိုးတတ်သော သူရဲတို့လည်းကောင်း။ ဝါ၊ သားရေချပ်ဝတ်ကိုဝတ်,သားရေဒိုင်းကာကိုကိုင်၍ စစ်ထိုးတတ်သောသူရဲတို့လည်းကောင်း။ ဒါသိကပုတ္တာ၊ သခင်၌ အလွန်ချစ်ခင်တတ်သော အိမ်ကျွန်မတို့၏ သားတို့လည်းကောင်း။* အာဠာရိကာ၊ စဖိုအိမ်၌ ယှဉ်သော ထမင်းချက်သမား,မုံ့ကြော်သမားတို့လည်းကောင်း။ ကပ္ပကာ၊ ဆတ္တာသည်တို့လည်းကောင်း။ နှာပကာ၊ ရေချိုးစေတတ်

*မှတ်ချက်။ ။ [ဤအရာ၌ ပိဏ္ဍဒါယကာ-ဟူ၍၎င်း, ပိဏ္ဍဒါယိကာ-ဟူ၍၎င်း အကာရန္တ, ဣကာရန္တနှင့် ပါဠ်နှစ်ထွေရှိကြ၏၊ ဋီကာဟောင်း၌ ပိဏ္ဍဒါယိကာ-ဟု ဣကာရန္တနှင့် ပါဠ်ကိုတွေ့မြင်ရ၏၊အဋ္ဌကထာ, ဋီကာသစ်တို့၌ ပိဏ္ဍဒါယကာ-ဟူသော အကာရန္တပါဠ်ကိုတွေ့မြင်ရ၏၊အကာရန္တပါဠ်သာသင့်မြတ်၏။

သကုဏာ္ဌိအာဒယောဝိယ မံသပိဏ္ဍံ ပရသေနာသမူဟသင်္ခါတံ ပိဏ္ဍံ သာဟသိကတာယ ဆေတွာ ဆေတွာ ဒယန္တိ ဥပ္ပတိတွာ ဥပ္ပတိတွာ နိဂ္ဂစ္ဆန္တီတိ ပိဏ္ဍဒါယကာ၊ဒုတိယဝိကပ္ပေ ပိဏ္ဍေ ဇနသမူဟသင်္ခါတေ သမ္ပဒ္ဓေ ဒယန္တိ ဥပ္ပတန္တာဝိယ ဂစ္ဆန္တီတိ ပိဏ္ဍဒါယကာ၊ ဒယ သဒ္ဒေါ ဂတိယံ အယသဒ္ဒဿဝါ ဒကာရာဂမေန နိပ္ဖတ္တိ။ သီလက္ခန်ဋီကာသစ်။

ပိဏ္ဍသဒ္ဒူပပဒ-ဒယဓာတ်၊ ရက္ခဏ, ဒါန, ဂဟဏ, ဝဓ, ဂတိ အနက်တို့တွင် ဤအရာ၌ ဂဝျတ္ထ, ဏွု-ပစ္စည်း အက-ပြု၊ အ-ကို အာ-ဝုဒ္ဓိပြု၍ပြီး၏။]

*မှတ်ချက်။ ။ [နေရင်းမှု နိဿယ၌ အပ်လျှိုသမားဟုဆို၏၊ အာဠာရိကာတိဘတ္တကာရကာ- အဋ္ဌကထာ။ အာဠာရာ ဝုစ္စတိ မဟာနသံ၊ တတ္ထ နိယုတ္တာ

သော သူတို့လည်းကောင်း။ သူဒါ၊စဗိုသည်တို့လည်းကောင်း။ ဝါ၊ ထမင်းချက်သမားတို့လည်းကောင်း။ ဝါ၊ ခိတမာတို့လည်းကောင်း။ မာလကာရာ၊ ပန်းကုံးတတ်သောသူတို့လည်းကောင်း။ ရဇကာ၊ ကုဟာသည်တို့လည်းကောင်း။ ဝါ၊ ကဝါသည်တို့လည်းကောင်း။ ပေသကာရာ၊ ရက်ကန်းသည်တို့လည်းကောင်း။ နဠကာရာ၊ ကျူထရံသည်တို့လည်းကောင်း။ ကုမ္ဘကာရာ၊ အိုးထိမ်းသည်တို့လည်းကောင်း။ ဂဏကာ၊ကေအစ-နဝ အဆုံးရှိသော ဂဏန်းအတတ်ကို သင်ယူတတ်သောသူတို့လည်းကောင်း။ မုဒ္ဒိကာ၊ လက်ဆစ်ချိုး၍ ရေတွက်တတ်သော ဂဏန်းအတတ်ရှိသော ပုဂ္ဂိုလ်တို့လည်းကောင်း။ ဝါပန၊ ထိုမှတပါး။အညာနိ၊ တပါးကုန်သော။ ဧဝံဂတိကာနိ၊ဤကဲ့သို့သော အလားရှိကုန်သော။ ယာနိပုထုသိပ္ပါယတနာနိ၊ တို့သည်။ သန္တိ၊ကုန်၏။ တာနိပုထုသိပ္ပါယတနာနိပိ၊ တို့ကိုလည်း။ ဥပဇီဝန္တာ၊ မှီ၍အသက်မွေးသော ပုဂ္ဂိုလ်ဘို့လည်းကောင်း။ ဇာတိဇာမေ၊ ဤသည်တို့ပင်တည်း။

တေသိပ္ပိကာ၊ ထိုအတတ်သည်တို့သည်။ ဒိဋ္ဌေဝ ခမ္မေ၊ မျက်မှောက်ထင်ထင် ရှုမြင်အပ်သော သဘောဟုဆိုအပ်သော ပစ္စက္ခ အတ္တဘော၌သာလျှင်။ သန္ဒိဋ္ဌိကံ၊ ကိုယ်တိုင်ကိုယ်ကြပ် ရှုမြင်အပ်သော။ သိပ္ပဖလံ၊ အတတ်၏အကျိုးကို။ ဥပဇီဝန္တိယထာ၊ မှီ၍အသက်မွေးကြကုန်သကဲ့သို့။ တေသိပ္ပိကာ၊ ထိုအတတ်သည်တို့သည်။ တေနသိပ္ပဖလေန၊ ထိုအတတ်၏အကျိုးဖြင့်။ အတ္တာနံ၊ မိမိကို။သုခေန္တိယထာ၊ ချမ်းသာစေကုန်သကဲ့သို့။ ဝါ၊ ချမ်းသာ ၾပုတတ်ကုန်သကဲ့သို့။ ဝါ၊ ချမ်းသာအောင်ပြုတတ်ကုန်သကဲ့သို့။ ပီဏေန္တိယထာ၊ ပြည့်ဖြိုးစေကုန်သကဲ့သို့။ မာတာပိတရော၊ အမိအဘတို့ကို။ သုခေန္တိယထာ၊ ကုန်သကဲ့သို့။ ပီဏေန္တိယထာ၊ ကုန်သကဲ့သို့။ ပုတ္တဒါရံ၊သားမယားကို။ သုခေန္တိယထာ၊ကုန်သကဲ့သို့။ပီဏေန္တိယထာ၊ကုန်သကဲ့သို့။မိတ္တာမစ္စေ၊အဆွေခင်ပွန်း,တကွဖြစ်ဘော်ဖြစ်ဘက်ဖြစ်သော ပုဂ္ဂိုလ်တို့ကို။ သုခေန္တိယထာ၊ ကုန်သကဲ့သို့။ ပီဏေန္တိယထာ၊ ကုန်သကဲ့သို့။ သမဏေသု၊ ရဟန်းတို့၌သည်းကောင်း။ ဗြာဟ္မဏေသု၊ ပုဏ္ဏားတို့၌လည်းကောင်း။ ဥဒ္ဓဂ္ဂိကံ၊ အထက်နတ်ပြည်၌ ဖြစ်သောမီးနှင့်တူသော အကျိုးရှိသော။ ဝါ၊ အထက်နတ်ပြည်၌ဖြစ်သော မြတ်သောအကျိုးရှိသော။ သောဝဂ္ဂိကံ၊ နတ်ပြည်ဟူသော အကျိုးကို ဖြစ်စေခြင်းငှါ ထိုက်သော။ သုခဝိပါကံ၊ ချမ်းသာသော အကျိုးရှိသော။ သဂ္ဂသံဝတ္တနိကံ၊ လွန်စွာမြတ်သောရူပ,သဒ္ဒ,ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ,အာယု,ဝဏ္ဏ,သုခ,ယသ,အာဓိပတေယျ ဟု ဆိုအပ်သော ဆယ်ပါးသော အကျိုးတို့ကို ဖြစ်စေတတ်သော။ ဒက္ခိဏံ၊ ပေးလှူအပ်

အာဠာရိကာ၊ဘတ္တကာရာ။ပူဝိကာတိပူဝသမ္ပာဒကာ၊ယေပူဝမေဝ နာနပ္ပကာရတော သမ္ပာဒေတွာ ဝိက္ကိဏန္တာ ဇီဝန္တိ-ဟူသော ဋီကာဟောင်း,သစ်။ဘတ္တကာရော သူပကာရော၊ သူဒေါ်အာဠာရိကောတထာ။ ဩဒနိကောစ ရသကော-ဟူသော ဘူကဏ္ဍာ စတုဗ္ဗဏ္ဍ ဝေဿဝဂ် အဘိဓာန်တို့နှင့်မညီ။

ဋီကာသစ်၌ တတ္ထနိယုတ္တာတိအာဠာရိကာ-ဟူသော ပုဒ်၏နောက်၌ ဘတ္တကာရာ-ပုဒ်မရှိ၊ အချို့သောအဋ္ဌကထာပါဠိ၌လည်း အာဠာရိကာတိ ပူဝိကာ-ဟူ၍ ရှိကြ၏၊ ပူဝိကာ-ပုဒ်ကိုကား ဋီကာဟောင်း,သစ်တို့၌ ဖွင့်ကြ၏။]

သောဒါနဝတ္ထုကို။ ဝါ၊ သတ္တဝါတို့၏ကြီးပွါးကြောင်းဖြစ်သော စေတနာကို။ပတိဋ္ဌာ-ပေန္တိ ယထာ၊ တည်စေကြကုန်သကဲ့သို့။ ဘန္တေ၊ ဘုရား။ ဧဝမေဝ၊ ပုံစံနိုင်းယူ ဤအတူသာလျှင်။ ဒိဋ္ဌေဝဓမ္မေ၊ ဤသာလျှင်။သန္ဒိဋ္ဌိကံ၊ သော။ သာမညဖလံ၊ ရဟန်း၏အဖြစ်၏အကျိုးသည်။ ဝါ၊ ကို။ ပညပေတုံ၊ ပညတ်ခြင်းငှါ။ သက္ကာနုခေါ၊ တတ်ကောင်းပါ၏လော။ ဝါ၊ စွမ်းနိုင်ပါ၏လော။ ဣတိ၊ သို့။ အဝေါစ၊ လျှောက်ပြီ။

၁၆၄။ *ဧဝံ၊ ဤသို့။ ဝုတ္တေ၊ အဇာတသတ်မင်းက လျှောက်ထားအပ်သည်ရှိသော်။ ဘဂဝါ၊ သည်။ မာဂဓံ၊ သော။ အဇာတသတ္တုံ၊ သော။ ဝေဒေဟိပုတ္တံ၊ သော။ရာဇာနံ၊ ကို။ ဧတံဝစနံ၊ကို။ အဝေါစ၊ မိန့်တော်မူပြီ။ ကိံ၊ သို့။ အဝေါစ၊ သနည်း။ မဟာရာဇ၊ ဒါယကာတော်မင်းမြတ်။ တွံ၊သည်။ ဣမံ ပဉ္ဟံ၊ ဤပြဿနာကို။ အညေ၊ ငါဘုရားမှတပါးကုန်သော။ သမဏဗြာဟ္မဏေ၊ ရဟန်းပုဏ္ဏားတို့ကို။ ပုစ္ဆိတာ ခနော၊ မေးလည်းမေးဘူး၏လော။ ပုစ္ဆာဘာဝံ၊ မေးအပ်သည်၏ အဖြစ်ကို။ အဘိဇာနာသိ နော၊ သိလည်းသိ၏လော။

တနည်း။ ။မဟာရာဇ၊ မြတ်။တွံ၊သည်။ ဣမံပဉ္ဟံ၊ ကို။ အညေ၊ကုန်သော။ သမဏဗြာဟ္မဏေ၊ တို့ကို၊ ပုစ္ဆိတာ၊ မေးဘူး၏ ဟူ၍။အဘိဇာနာသိ နော၊ သိ၏လော။

တနည်း။ ။မဟာရာဇ၊ မြတ်။တွံ၊ သည်။ ဣမံပဉ္ဟံ၊ကို။ အညေ၊ ကုန်သော။ သမဏဗြာဟ္မဏေ၊ တို့ကို။ ပဌမံ၊ ရှေးဦးစွာ၊ ပုစ္ဆိတွာ၊ မေးပြီး၍။ဣဒါနိ၊ ဤအခါ၌။ ဝါ၊ ယခုအခါ၌။အဘိဇာနာသိ နော၊ သိဘူး၏လော။

တနည်း။ ။မဟာရာဇ၊မြတ်။တွံ၊ သည်။ဣမံပဉ္ဟံ၊ကို။ အညေ၊ကုန်သော။ သမဏဗြာဟ္မဏေ၊တို့ကို။ ပဌမံ၊ စွာ။ ပုစ္ဆိတာ၊ မေးဘူးသည်။ ဟုတ္ဝာ၊ ဖြစ်၍။ဣဒါနိ၊ ၌။ ဝါ၊၌ အဘိဇာနာသိ နော၊လော။ဣတိ၊ သို့။ အဝေါစ၊ မိန့်တော်မူပြီ။

ဧဝံ၊ ဤသို့၊ ဝုတ္တေ၊ မြတ်စွာဘုရားက မိန့်တော်မူအပ်သည်ရှိသော်။ မာဂဓော၊သော၊ အဇာတသတ္တု၊ သော။ ဝေဒေဟိပုတ္တော၊ သော။ ရာဇာ၊ သည်။ ဘဂဝန္တံ၊ကို။ ဧတံ ဝစနံ၊ ကို။ အဝေါစ၊ လျှောက်ပြီ။ ကိံ၊ သို့။ အဝေါစ၊ သနည်း။ ဘန္တေ၊ ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ဣမံပဉ္ဟံ၊ကို။ အညေ၊ မြတ်စွာဘုရားမှ တပါးကုန်သော။ သမဏဗြာဟ္မဏေ၊ တို့ကို။ ပုစ္ဆိတာ၊ မေးလည်း မေးဘူးပါ၏။ ပုစ္ဆာဘာဝံ၊ ကို။ အဘိဇာနာမိ၊ ၏။

* မှတ်ချက်။ ။[ဤဝါကျဝယ် ၄-နည်း ယောဇနာရာ၌ ပဌမနည်းကို မဟာရာဇ တွံ ဣမံ ပဉ္ဟံ အညေ သမဏဗြာဟ္မဏေ ပုစ္ဆိတာ နော၊ အဘိဇာနာသိ စ နံ ပုစ္ဆာဘာဝံ နတေ သမ္ဗန္ဓ-ဟူသော သာမညဖလသုတ်အဋ္ဌကထာ။အထဝါ သရသိ တွံ ဒေ္ဗ ဝေရူပံ၊ ယထာဿ ဘိက္ခုနီ အာဟ၊ ကတ္တာစာသိ ဝေရူပံ၊ ယထာဿ ဘိက္ခုနီအာဟ-ဟူသော ပါရာဇိကဏ် ပဌမဒုဋ္ဌဒေါသသိက္ခာပုဒ် အဋ္ဌကထာများကိုမှီ၍ ယောဇနာလိုက်၏။

ဒုတိယနည်းကို သရသိ တွံ ဒေ္ဗ ဝေရူပံကတ္တာတိ တွံ ဒေ္ဗ ဝေရူပံ ကတ္တာ သရသိ-ဟူသော ၎င်းဒုတိယဒုဋ္ဌဒေါသ သိက္ခာပုဒ်အဋ္ဌကထာကို မှီ၍ ယောဇနာလိုက်၏။

တနည်း။ ။ဘန္တေ၊ ရား။ အဟံ၊ သည်။ ဣမံပဥှံ၊ ကို။ အညေ၊ ကုန်သော။ သမဏ ဗြာဟ္မဏေ၊ တို့ကို။ ပုစ္ဆိတာ၊ မေးဘူး၏ ဟူ၍။ အဘိဇာနာမိ၊ ၏။

တနည်း။ ။ဘန္တေ၊ ရား။ အဟံ၊ သည်။ ဣမံပဥှံ၊ ကို။ အညေ၊ ကုန်သော။ သမဏ ဗြာဟ္မဏေ၊ တို့ကို။ ပဌမံ၊ ရှေဦးစွာ။ ပုစ္ဆိတွာ၊ မေးပြီး၍။ ဣဒါနိ၊ ၌။ အဘိ ဇာနာမိ၊ ၏။

တနည်း။ ။ဘန္တေ၊ ရား။ အဟံ၊ သည်။ ဣမံပဥှံ၊ ကို။ အညေ၊ ကုန်သော။ သမဏ ဗြာဟ္မဏေ၊ တို့ကို။ ပဌမံ၊ စွာ။ ပုစ္ဆိတာ၊ မေးဘူးသည်။ ဟုတွာ၊ ၍။ ဣဒါနိ၊ ၌။ အဘိ ဇာနာမိ၊ ပါ၏။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။

ဧဝံ၊ ဤသို့။ ဝုတ္တေ၊ အဇာတသတ်မင်းက လျှောက်ထားအပ်သည်ရှိသော်။ ဘဂဝါ၊ သည်။ မာဂဓံ၊ သော။ အဇာတသတ္တုံ၊ သော။ ဝေဒေဟိပုတ္တံ၊ သော။ ရာဇာနံ၊ ကို။ တေံဝစနံ၊ ကို။ အဝေါစ၊ ပြီ။ ကိံ၊ သို့။ အဝေါစ၊ သနည်း။ မဟာရာဇ၊ ဒါယကာတော် မင်းမြတ်။ ယထာကထံပန၊ အဘယ်သို့သာလျှင်။ တေ သမဏဗြာဟ္မဏာ၊ ထိုရဟန်း ပုဏ္ဏားတို့သည်။ တေ၊ သင်အား။ ဗျာကရိံသု၊ ဖြေဆိုကြကုန်သနည်း။ တေ၊ သင်အား။ ဝါ၊ သည်။ ဘာသိတုံ၊ လျှောက်ထားခြင်းငှါ။ အဂရု၊ ဝန်မလေးသည်၏ အဖြစ်သည်။ သစေဟောတိ၊အကယ်၍ဖြစ်ခဲ့အံ့။ ဧဝံသတိ၊ ဤသို့ ဖြစ်သည်ရှိသော်။တွံ၊သည်။ဘာသဿု၊ လျှောက်ထား စမ်းလော့။ ဣတိ၊ သို့။ အဝေါစ၊ မိန့်တော်မူပြီ။

ဧဝံ၊ ဤသို့။ ဝုတ္တေ၊ မြတ်စွာဘုရားက မိန့်တော်မူအပ်သည်ရှိသော်။ မာဂဓော၊ သော။ အဇာတသတ္တု၊ သော။ ဝေဒေဟိပုတ္တော၊ သော။ ရာဇာ၊သည်။ ဘဂဝန္တံ၊ကို။တေံဝစနံ၊ ကို။ အဝေါစ၊ လျှောက်ပြီ။ ကိံ၊သို့။ အဝေါစ၊ သနည်း။ ဘန္တေ၊ရား။ယတ္ထ-ယသ္မိံဌာနေ၊ အကြင်အရပ်၌။ ဘဂဝါစ၊ မြတ်စွာဘုရားသည်လည်းကောင်း။ ဘဂဝန္တရူပေါစ၊ မြတ်စွာ ဘုရားနှင့်တူသော သဘောရှိသော ပုဂ္ဂိုလ်သည်လည်းကောင်း။ နိသိန္နော၊ နေသည်။ အဿ၊ ဖြစ်ရာပါ၏။ တတ္ထ-တသ္မိံဌာနေ၊ ထိုအရပ်၌။ မေ၊ အကျွန်ုပ်အား။ ဂရု၊ ဝန်လေး သည်၏ အဖြစ်သည်။ နခေါဟောတိ၊ မဖြစ်ပါသည်သာ။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။

ဧဝံ၊ သို့။ ဝုတ္တေ၊ အဇာတသတ်မင်းက လျှောက်ထားအပ်သည် ရှိသော်။ ဘဂဝါ၊ သည်။ မာဂဓံ၊ သော။ အဇာတသတ္တုံ၊ သော။ ဝေဒေဟိပုတ္တံ၊ သော။ ရာဇာနံ၊ ကို။ တေံ ဝစနံ၊ ကို။ အဝေါစ၊ မိန့်တော်မူပြီ။ ကိံ၊ သို့။ အဝေါစ၊ သနည်း။ မဟာရာဇ၊ မြတ်။ အဟံ၊ ငါဘုရားသည်။ တေနဟိ၊ တိုက်တွန်းတော်မူ၏။ တနည်း-မဟာရာဇ၊ မြတ်။ တေ၊

တတိယနည်းကို ယေပန ကတွာတိ ပဌန္တိ၊တေသံ ဥဇုကမေဝ-ဟူသော ၎င်း ဒုတိယဒုဋ္ဌဒေါသသိက္ခာပုဒ်အဋ္ဌကထာ။ သမ္ပဇ္ဇိတွာတိပါဠေ ပသတ္တော၊ ပဌမံ အာပဇ္ဇိတွာ ပစ္ဆာ တံ အာပတ္တိံသရတု အာယသ္မာတိ-ဟူသော စူဠဝဂ္ဂ သမထက္ခန္ဓက အဋ္ဌကထာများကို မှီ၍ ပုစ္ဆိတွာ-ပါဌ်ကိုယူ၍ ယောဇနာလိုက်၏။

စတုတ္ထနည်းကို ၎င်း ကဘွာ, ပုစ္ဆိတွာ-ပါဌ်ကိုပင်နည်းမှီ၍-ပုစ္ဆိတာ၊ မေးဘူး သည်။ ဟုတွာ၊ဖြစ်၍-ဟု ဟုတွာ-ပုဒ်ကို ပါဌသေသထည့်၍ ယောဇနာလိုက်၏၊ ဤဝါကျမျိုး တွေ့တိုင်း ဤနည်းချည်းသာ ယောဇနာသင့်၏။]

အား။ ဂရု၊ ဝန်လေးသည့်၏ အဖြစ်သည်။ ယဒိနအတ္ထိ၊ အကယ်၍ မရှိခဲ့အံ့။ တေနဟိ၊ ထိုသို့ ဝန်မလေးခဲ့သည် ရှိသော်။ ဝါ၊ ထိုသို့ ဝန်မလေးခဲ့ တပြီးကား။ တွံ၊ သည်။ ဘာသဿု၊ လော့။

တနည်း။ ။မဟာရာဇ၊ မြတ်။ ယေနကာရဏေန၊ ကြောင့်။ တေ၊အား။ဂရု၊သည်။ နအတ္ထိ၊ မရှိခဲ့။ တေနဟိကာရဏေန၊ သင်၏ ဝန်မလေးသည့်၏ အဖြစ်ဟူသော ထို အကြောင်းကြောင့် သာလျှင်။ တွံ၊ သည်။ ဘာသဿု၊ လော့။ ဣတိ၊ သို့။ အဝေါစ၊ မိန့်တော်မူပြီ။

ပူရဏကဿပ ဝါဒကထာ

၁၆၅။ ဧဝံ၊ သို့။ ဝုတ္တေ၊ မြတ်စွာဘုရားက မိန့်တော်မူအပ်သည်ရှိသော်။ မာဂဓော၊ သော။အဇာတသတ္တု၊သော။ ဝေဒေဟိပုတ္တော၊သော။ ရာဇာ၊သည်။ ဘဂဝန္တံ၊ကို။ တေံ ဝစနံ၊ကို၊အဝေါစ၊ပြီ။ ကိံ၊သို့။ အဝေါစ၊သနည်း။ ဘန္တေ၊ရှား။ကော၊တပါးသော။သမယံ၊ အခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ယေနဋ္ဌာနေန၊ ၌။ ပူရဏော ကဿပေါ၊ ပူရဏကဿပ သည်။ အတ္ထိ၊ ရှိပါ၏။ တေန ဋ္ဌာနေန၊ ထိုပူရဏကဿပ ရှိရာ အရပ်သို့။ ဥပသင်္ကမိ၊ သွားပါ၏။ ဥပသင်္ကမိတွာ၊ ပြီး၍။ ပူရဏေန ကဿပေန၊ ပူရဏကဿပနှင့်။ သဒ္ဓိံ၊တကွ။ သမ္မောဒိံ၊ အညီအမျှ ဝမ်းမြောက်ဝမ်းသာ ပြောဆိုပါ၏။

* သမ္မောဒနီယံ၊ အညီအမျှ ဝမ်းမြောက်ကြောင်းဖြစ်တတ်သော။ ဝါ၊အညီအမျှ ဝမ်းမြောက်အပ်,ဝမ်းမြောက်သင့်,ဝမ်းမြောက်ထိုက်သော။ သာရဏီယံ၊ မပြတ်မလပ် အောက်မေ့အပ်,အောက်မေ့သင့်,အောက်မေ့ ထိုက်သော။ ဝါ၊မပြတ်မလပ် ဖြစ်စေအပ်,ဖြစ်စေသင့်, ဖြစ်စေထိုက်သော။ တနည်း-သမ္မောဒနီယံ၊ အညီအမျှ ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော။ ဝါ၊ အညီအမျှ ဝမ်းမြောက်ခြင်းငှါ ထိုက်သော။ သာရဏီယံ၊ မပြတ်မလပ် အောက်မေ့ခြင်းငှါ ထိုက်သော။ ဝါ၊ မပြတ်မလပ် ဖြစ်စေခြင်းငှါ ထိုက်သော။ ကထံ၊ စကားကို။ ဝီတိသာရေတွာ၊ ပြီးဆုံးစေပြီး၍။ ဧကမန္တံ၊ အောင်း။ ဝါ၊ ၌။ နိသီဒိံ၊ နေပါ၏။

* မှတ်ချက်။ ။[သမ္မောဒနီယံ,သာရဏီယံ-ပုဒ်များကား ကိတ်ပစ္စည်း, တဒ္ဓိတ် ပစ္စည်း နှစ်မျိုးနှင့် ဆက်ဆံသော ပုဒ်များတည်း၊ ကိတ် ပစ္စည်း ဖြစ်ခဲ့လျှင် သမ္မောဒေတီတိ သမ္မောဒနီယာ၊ တံသမ္မောဒနီယံ-ဟု ကတ္တုသာဓန ပြုအပ်၏၊ ဘာဝကမ္မေသု တဗ္ဗာနီယာ-ဟူသောသုတ်၌ တဗ္ဗာနီယာ-ဟူသော ယောဂ ဝိဘာဂဖြင့် ကတ္တားအနက်၌ အနီယ-ပစ္စည်းသက်၊ အညီအမျှ ဝမ်းမြောက် စေတတ်သော-ဟု ပေး။

တနည်း-သမ္မောဒိတဗ္ဗာတိ သမ္မောဒနီယာ၊ တံသမ္မောဒနီယံ-ဟု ကမ္မသာဓ် ပြုအပ်၏၊ ဘာဝကမ္မေသု တဗ္ဗာနီယာ-ဟူသော သုတ်ဖြင့် ကံ အနက်၌ အနီယ ပစ္စည်းသက်၊ သာရဏီယံ-ဟူသော ပုဒ်၌လည်း သရိတဗ္ဗာ ပဝတ္တေတဗ္ဗာတိ သရဏီယာတိ ဝတ္တဗ္ဗေ အာဒိဿ ကတွာ သာရဏီယာတိ ဝုတ္တာ၊ တံ သာရ

ဘန္တေ၊ရား။ ကေမန္တံ၊အောင်၊ ဝါ၊၌။ နိသိန္နောခေါ၊ပြီးသော။ အဟံ၊သည်။ ပူရဏံ ကဿပံ၊ ကို။ တော်ဝစန်း၊ ကို။ အဝေါစံ၊ ပြောဆိုပါပြီ။ ကိံ၊ကို။ အဝေါစံ၊ သနည်း။ ဘောကဿပ၊ အရှင်ကဿပ။ နုခေါ၊ စင်စစ်ကေန် အမှန်အားဖြင့်။ ဇူမာနိပုထုသိပ္ပါယတနာနိ၊ တို့သည်။ သန္တိ၊ ရှိပါကုန်၏။ သေယျထိဒံ၊ ထိုအတတ်သည်တို့ ဟူကုန်သည် အဘယ်သည်တို့နည်း။ [သေယျထိဒံ- ကိုရှေးနည်းမှီ၍ပေး။]

ဟတ္ထာရောဟာ၊ တို့လည်းကောင်း။ အဿာရောဟာ၊ တို့လည်းကောင်း။ ရထိကာ၊ တို့လည်းကောင်း။ ဓနုဂ္ဂဟာ၊ တို့လည်းကောင်း။ စေလကာ၊ တို့လည်းကောင်း။စလကာ၊ တို့လည်းကောင်း။ ပိဏ္ဍဒါယိကာ၊ တို့လည်းကောင်း။တနည်း- ပိဏ္ဍဒါယကာ၊ တို့လည်း ကောင်း။ ဥဂ္ဂါ၊ ကုန်သော။ရာဇပုတ္တာ၊ တို့လည်းကောင်း။ ပက္ခန္ဒိနော၊ တို့လည်းကောင်း။ မဟာနာဂါ၊ တို့လည်းကောင်း။ သူရာ၊ တို့လည်းကောင်း။ စမ္မယောဓိနော၊ တို့လည်း ကောင်း။ ဒါသိကပုတ္တာ၊တို့လည်းကောင်း။အာဠာရိကာ၊ တို့လည်းကောင်း။ကပ္ပကာ၊ တို့ လည်းကောင်း။ နှာပကာ၊ တို့လည်းကောင်း။ သူဒါ၊ တို့လည်းကောင်း။ မာလာကာရာ၊တို့ လည်းကောင်း။ ရဇကာ၊တို့လည်းကောင်း။ပေသကာရာ၊တို့လည်းကောင်း။ နဠကာရာ၊တို့ လည်းကောင်း။ကုမ္ဘကာရာ၊ တို့လည်းကောင်း။ ဂဏကာ၊ တို့လည်းကောင်း။ မုဒ္ဒိကာ၊ တို့လည်းကောင်း။ ဝါပန၊ ထိုမှတပါး။ အညာနိပိ၊ လည်းဖြစ်ကုန်သော။ ဧဝံဂတိကာနိ၊ ကုန်သော။ ယာနိပုထုသိပ္ပါယတနာနိ၊ တို့သည်။ သန္တိ၊ကုန်၏။ တာနိပုထုသိပ္ပါယတနာ နိ၊ တို့ကို။ ဥပဇီဝန္တာ၊ တို့လည်းကောင်း။ ဇူတိဇူမေ၊ ဤသည်တို့ပင်တည်း။

တေသိပ္ပိကာ၊ တို့သည်။ ဒိဋ္ဌေဝဓမ္မေ၊ ၌သာလျှင်။ သန္ဒိဋ္ဌိကံ၊ သော။ သိပ္ပဖလံ၊ ကို။ ဥပဇီဝန္တိယထာ၊ ကုန်သကဲ့သို့။ တေသိပ္ပိကာ၊ တို့သည်။ တေနသိပ္ပဖလေန၊ ဖြင့်။ အတ္တာနံ၊ ကို။ သုခေန္တိယထာ၊ ကုန်သကဲ့သို့။ ပီဏေန္တိယထာ၊ ကုန်သကဲ့သို့။ မာတာပိ တရော၊တို့ကို။သုခေန္တိယထာ၊ ကုန်သကဲ့သို့။ပီဏေန္တိယထာ၊ ကုန်သကဲ့သို့။ ပုတ္တဒါရံ၊ကို။ သုခေန္တိယထာ၊ ကုန်သကဲ့သို့။ပီဏေန္တိယထာ၊ ကုန်သကဲ့သို့။ မိတ္တာမစ္စေ၊ တို့ကို။ သုခေန္တိ ယထာ၊ကုန်သကဲ့သို့။ပီဏေန္တိယထာ၊ ကုန်သကဲ့သို့။သမဏေသု၊ တို့၌လည်းကောင်း။ ဗြာဟ္မ ဏေသု၊ တို့၌လည်းကောင်း။ ဥဒ္ဓဂ္ဂိကံ၊ သော။ သောဝဂ္ဂိကံ၊ သော။ သုခဝိပါကံ၊သော။ သဂ္ဂသံဝတ္တနိကံ၊သော။ ဒက္ခိဏံ၊ကို။ ပတိဋ္ဌာပေန္တိယထာ၊ကုန်သကဲ့သို့။ ဘောကဿပ၊ပ။

ဏီယံ-ဟု ကမ္မသာဓ် ပြုအပ်၏၊ မပြတ်မလပ် အောက်မေ့အပ်, အောက်မေ့သင့်, အောက်မေ့ထိုက်သော။ ဝါ၊ မပြတ်မလပ် ဖြစ်စေအပ်,ဖြစ်စေသင့်, ဖြစ်စေထိုက် သော-ဟု ပေး၊ အနီယ-ပစ္စည်းပင်သက်။

သမ္မောဒိတုံ ယုတ္တဘာဝတော စ သမ္မောဒနီယံ၊ သရိတဗ္ဗဘာဝတော စ သာရဏီယံ။ ဝေရဉ္ဇကဏ္ဍ ပါရာဇိကဏ်အဋ္ဌကထာ, အမ္ဗဋ္ဌသုတ်အဋ္ဌကထာ။ သမ္မောဒိတဗ္ဗတော သမ္မောဒနီယန္တိ ဇူဒံပန အတ္ထံ ဒဿေန္တော သမ္မောဒိတုံ ယုတ္တဘာဝတောတိအာဟ။ သရိတဗ္ဗဘာဝ တောတိ အနုဿရိတဗ္ဗဘာဝတော၊ သရဏီယန္တိ ဝတ္တဗ္ဗေ ဒီဃံ ကတွာ သာရဏီယန္တိ ဝုတ္တံ။ သာရတ္ထဋီကာ။ သမ္မော ဒေတိ သမ္မောဒနံ ကရောတီတိ သမ္မောဒနီယာ၊ အနီယသဒ္ဒေါ ဟိ ဗဟုလံ

ဝေမေဝ၊ သာလျှင်၊ ဒိဋ္ဌေဝဓမ္မေ၊ ဤသာလျှင်။ သန္ဒိဋ္ဌိကံ၊ သော။ သာမညဖလံ၊ ရဟန်း၏ အဖြစ်၏ အကျိုးကို။ ပညပေတုံ၊ ငါ့။ သက္ကာနုခေါ၊ တတ်ကောင်းပါသလော။ ဝါ၊ စွမ်းနိုင်ပါ၏လော။ ဣတိ၊ သို့။အဝေါစိံ၊ ပြီ။

၁၆၆။ ဘန္တေ၊ ရှား။ဝေါ၊သို့။ဂုဏ္ဌေ၊ အကျွန်ုပ်က ပြောဆိုအပ်သည်ရှိသော်။ ပူရဏော ကဿပေါ၊ သည်။မံ၊ ကို၊ တော်ဝစန်၊ ကို။ အဝေါစ၊ ပြောဆိုပါပြီ။ ကိံ၊ သို့။ အဝေါစ၊ သနည်း။ မဟာရာဇ၊မင်းမြတ်။ ကရောတော၊ ကိုယ်ဘိုင်ပြုသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်သည် လည်းကောင်း။ ကာရယတော၊ တပါးသောသူကိုပြုစေသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်သည် လည်းကောင်း။ ဆိန္ဒတော၊ ကိုယ်တိုင်အင်္ဂါကြီး,ငယ်ကိုဖြတ်သော။ ပုဂ္ဂလဿ၊သည်လည်း ကောင်း။ ဆေဒါပယတော၊တပါးသောသူကို အင်္ဂါကြီး,ငယ်ကိုဖြတ်စေသော။ပုဂ္ဂလဿ၊ သည်လည်းကောင်း။ ပစတော၊ကိုယ်တိုင်တုတ်လက်နက်ဖြင့် ရိုက်နှက်ပုတ်ခတ် နှိပ်စက် တတ်သော။ ဝါ၊ကိုယ်တိုင်ခြိမ်းခြောက်တတ်သော။ ပုဂ္ဂလဿ၊ သည်လည်းကောင်း။ ပစာပယတော၊ တပါးသောသူကို တုတ် လက်နက်ဖြင့် ရိုက်နှက်ပုတ်ခတ် နှိပ်စက်စေ သော။ ဝါ၊ တပါးသောသူကို ခြိမ်းခြောက်စေသော။ ပုဂ္ဂလဿ၊ သည်လည်းကောင်း။ သောစယတော၊ ကိုယ်တိုင်စိုးရိမ်စေတတ်သော။ပုဂ္ဂလဿ၊ သည်လည်းကောင်း။ သော စာပယတော၊ တပါးသောသူကိုစိုးရိမ်စေတတ်သော။ ပုဂ္ဂလဿ၊ သည်လည်းကောင်း။ ကိလမာယတော၊ ကိုယ်ဘိုင်ဆင်းရဲပင်ပန်းစေတတ်သော။ ပုဂ္ဂလဿ၊သည်လည်းကောင်း။ ကိလမာပယတော၊ တပါးသောသူကိုဆင်းရဲပင်ပန်းစေတတ်သော။ ပုဂ္ဂလဿ၊ သည် လည်းကောင်း။ ဖန္ဒတော၊ ကိုယ်တိုင်တုန်လှုပ်စေတတ်သော။ ပုဂ္ဂလဿ၊ သည်လည်း ကောင်း။ ဖန္ဒာပယတော၊ တပါးသောသူကို တုန်လှုပ်စေတတ်သော။ ပုဂ္ဂဿ၊သည်လည်း ကောင်း။ ပါဏံ၊သတ္တဝါကို။ အတိပါတာပယတော၊ ကိုယ်တိုင်လျင်စွာကျစေ,တပါး

ကာဗ္ဗတ္ထာဘိဓာယကော၊ ယထာနိယျာနိကာတိ။ သရိတဗ္ဗန္တိသာရဏီယံ။ သီလက္ခန်ဋီကာသစ်။ သရဏီယမေဝဒီဃံကတွာ သာရဏီယန္တိဝုတ္တန္တိအာဟ သရိ တဗ္ဗဘာဝတောစ သာရဏီယန္တိ။ ဝိမတိဋီကာ။

တဒ္ဓိတ်ဏီကပစ္စည်း ဖြစ်ခဲ့လျှင် သမ္မောဒံ ဇနေတိ သမ္မောဒိတုံဝါ အရဟတီတိ သမ္မောဒနီကာတိ ဝတ္တဗ္ဗေ ဤဒီဃံ ကတွာ ကကာရဿစ ယကာရံ ကတွာ သမ္မောဒနီယာတိဝုတ္တံ။ ယေနဝါ သံသဋ္ဌံ တရတိ စရတိ ဝဟတိ ဏီကော-ဟူသောသုတ်၌ ဝါ-သဒ္ဒါဖြင့် ဇနေတိအနက်၌ ဏီက-ပစ္စည်းသက်၊ တမဓီတေ တေန ကတာဒိ သန္နိဓာန နိယောဂ သိပ္ပ ဘဏ္ဍ ဇီဝိကတ္ထေသုစ-ဟူသောသုတ်၌ အာဒိ-သဒ္ဒါဖြင့် အရဟတိအနက်၌ ဏီက-ပစ္စည်းသက်၊သရိတုံပဝတ္တေတုံ အရ ဟတီတိ သာရဏီ ကာတိဝတ္တဗ္ဗေ ဤဒီဃံ-ကတွာ ကကာရဿစ ယကာရံကတွာ သာရဏီယာတိ ဝုတ္တာ၊ တံသာရဏီယံ-ဟု အရဟတိတဒ္ဓိတ်ဝိဂ္ဂဟ်ပြုအပ်၏။

တမဓီတေ-စသောသုတ်၌ အာဒိ-သဒ္ဒါဖြင့်ပင် အရဟတိအနက်၌ ဏီက-ပစ္စည်းသက်၊ အတ္ထဗျဥ္ဇန မဓုရတာယ သုစိရမ္ပိကာလံ သရိတုံ (သာရေတုံ) နိရန္တရံ ပဝတ္တေတုံ အရဟရူပတော သာရဏီယံ။ ဝေရဉ္ဇကဏ္ဍ ပါရာဇိကဏ် အဋ္ဌကထာ, အမ္ဗဋ္ဌသုတ်အဋ္ဌကထာ။]

သောသူကိုလျှင်စွာကျစေတတ်သော။ ပုဂ္ဂလဿ၊ သည်လည်းကောင်း။ အဒိန္နံ၊ အရှင်သည် ကိုယ်,နှုတ်တို့ဖြင့် မပေးအပ်သော လူဇာတ်ရှိသော တပါးသောသူ၏ဥစ္စာကို။အာဒိယတော၊ ကိုယ်တိုင်ခိုးယူ,တပါးသောသူကိုခိုးယူစေတတ်သော။ ပုဂ္ဂလဿ၊ သည်လည်းကောင်း။ သန္ဓိံ၊ အိမ်ခြိစပ်ကို။ဆိန္ဒတော၊ကိုယ်တိုင်ဖောက်ဖျက်,တပါးသောသူကိုဖောက်ဖျက်စေတတ်သော။ပုဂ္ဂလဿ၊သည်လည်းကောင်း။ နိလ္လောပံ၊အကြွင်းမဲ့လုယူဖျက်ဆီးခြင်းကို။ ကတ္တွာ၊ ၍။ ဟရတော၊ ကိုယ်တိုင်ဆောင်,တပါးသောသူကိုဆောင်စေတတ်သော။ ပုဂ္ဂလဿ၊ သည်လည်းကောင်း။ ဧကာဂါရိကံ၊ တအိမ်၌ယှဉ်သော လုယူဖျက်ဆီးခြင်းကို။ ကရောတော၊ကိုယ်တိုင်ပြုတတ်, တပါးသောသူကိုပြုစေတတ်သော။ ပုဂ္ဂလဿ၊ သည်သည်းကောင်း။ ပရိပန္ထေ၊ လမ်းဆုံလမ်းမ လမ်းလေးခွ၌။ တိဋ္ဌတော၊ခရီးသွားသော်သည်တို့ကို လုယက်ဖျက်ဆီးခြင်းငှါတည်နေသော။ပုဂ္ဂလဿ၊သည်လည်းကောင်း။ ပရဒါရံ၊ တပါးသောသူတို့၏ သားမယားသို့။ ဂစ္ဆတော၊ ကိုယ်တိုင်လွန်ကျူးသွားလာတတ်, တပါးသောသူကို လွန်ကျူးသွားလာစေတတ်သော။ပုဂ္ဂလဿ၊ သည်လည်းကောင်း။ မုသာ၊ ချွတ်ယွင်းဖောက်ပြန် မမှန်သော စကားကို။ ဘဏတော၊ကိုယ်တိုင်ပြောဆိုတတ်, တပါးသောသူကို ခပြောဆိုစေတတ်သော။ပုဂ္ဂလဿ၊ သည်လည်းကောင်း။ ကရောတော ပြုပင်ပြုပါသော်လည်း။ ပါပံ၊ မကောင်းမှုကို။ နကရိယတိ၊မပြုအပ်။ ဝါ၊ ပြုအပ်သည်မမည်။

ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ခုရပရိယန္တေန၊ သင်တုန်းသွားဟူသော အဆုံးရှိသော။ ဝါ၊သင်တုန်းသွားဟူသော အကွပ်ရှိသော။ ဝါ၊ သင်တုန်းသွားနှင့် တူသော အကွပ်ရှိသော။ ဝါ၊ အကွပ်ဖြစ်သော သင်တုန်းသွားရှိသော။ စက္ကေန၊ လက်နက်စကြာဖြင့်။ ဣမိဿာပထဝိယာ၊ ဤမြေ၌။ ဋ္ဌိတေ၊ တည်နေကြကုန်သော။ ပါဏေ၊ သတ္တဝါတို့ကို။ ဧကံ၊ တခုသော။ မံသခလံ၊ အသားစုကို။ဧကံ၊ သော။ မံသပုဉ္ဇံ၊ အသားပုဉ်ကို။ ဧပိ ကရေယျ၊ :အကယ်၍မူလည်းပြုခဲ့ငြားအံ့။ ဧဝံကရောန္တေပိ၊ ဤသို့ပင် ပြုပါသော်လည်း။ တဿပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ တတောနိဒါနံ၊ ထိုမြေ၌တည်နေသော သတ္တဝါတို့ကို တခုသောအသားပုဉ်ကို ပြုခြင်းဟူသော အကြောင်းကြောင့်။ တတောနိဒါနံ၊ ထိုမြေ၌ တည်နေသော သတ္တဝါတို့ကို တခုသောအသားပုဉ်ကိုပြုခြင်းဟူသော အကြောင်းရှိသော။ ပါပံ၊ မကောင်းမှုသည်။ နတ္ထိ၊ မရှိ။ ပါပဿ၊ မကောင်းမှု၏။ အာဂမော၊ ရှေးရှုလာခြင်းသည်။ ဝါ၊ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။

ကောစိ၊ တစုံတယောက်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဟနန္တော၊ ကိုယ်တိုင်သတ်လျက်။ ဃာတေန္တော၊တပါးသောသူကို သတ်စေလျက်။ ဆိန္ဒန္တော၊ ကိုယ်တိုင် အင်္ဂါကြီး,ငယ်ကိုဖြတ်လျက်။ဆေဒါပေန္တော၊တပါးသောသူကိုအင်္ဂါကြီး,ငယ်ကိုဖြတ်စေလျက်။ ပစန္တော၊ ကိုယ်တိုင်တုတ်လက်နက်ဖြင့် ပုတ်ခတ်ရိုက်နှက် နှိပ်စက်လျက်။ ဝါ၊ကိုယ်တိုင် ခြိမ်းချောက်လျက်။ပစာပေန္တော၊ တပါးသောသူကို တုတ်လက်နက်ဖြင့် ပုတ်ခတ်ရိုက်နှက် နှိပ်စက်စေလျက်။ ဝါ၊ တပါးသောသူကို ခြိမ်းချောက်စေလျက်။ ဂင်္ဂါယ၊ ဂင်္ဂါမြစ်၏။ ဒက္ခိဏံ၊ တောင်ဖြစ်သော။ တီရံ၊ ကမ်းသို့။ ဧပိဂစ္ဆေယျ၊ အကယ်၍မူလည်းသွားငြားအံ့။ ဧဝံဂစ္ဆန္တေပိ၊ ဤသို့ပင် သွားပါသော်လည်း။ တဿပုဂ္ဂလဿ၊ အား။ ကတော နိဒါနံ၊ ထိုရိုက်နှက်ပုတ်ခတ်ခြင်းဟူသော အကြောင်းကြောင့်။ တတောနိဒါနံ၊အကြောင်းရှိသော။ ပါပံ၊သည်။ နတ္ထိ၊မရှိ။ ပါပဿ၊၏။ အာဂမော၊ သည်။ နတ္ထိ၊မရှိ။

ကောစိ၊ တစုံတယောက်သော။ ပုဂ္ဂလော၊သည်။ ဒဒန္တော၊ ကိုယ်တိုင်ပေးလှူလျက်။ ဒါပေန္တော၊ တပါးသောသူကိုပေးလှူစေလျက်။ ယဇန္တော၊ ကိုယ်တိုင်ယဇ်ပူဇော်လျက်။ ယဇာပေန္တော၊ တပါးသောသူကို ယဇ်ပူဇော်စေလျက်။ ဂင်္ဂါယ၊၏။ ဥတ္တရံ၊ မြောက်ဖြစ်သော။ တီရံ၊ကမ်းသို့။ စေပိဂစ္ဆေယျ၊ သွားအံ့၊ ဧဝံဂစ္ဆန္တေပိ၊ သော်လည်း။ တဿ ပုဂ္ဂလဿ၊အား။ တတောနိဒါနံ၊ ထိုပေးလှူခြင်းဟူသော အကြောင်းကြောင့်။ တတောနိဒါနံ၊ အကြောင်းရှိသော။ ပုညံ၊ ကောင်းမှုသည်။ နတ္ထိ၊မရှိ။ ပုညဿ၊၏။ အာဂမော၊ သည်။ နတ္ထိ၊မရှိ။

ဒါနေန၊ ပေးလှူခြင်းဖြင့်လည်းကောင်း။ ဒမေန၊ဣန္ဒြေကိုဆုံးမခြင်းဖြင့် လည်းကောင်း။ ဝါ၊ ဣန္ဒြေကိုဆုံးမကြောင်းဖြစ်သော ဣန္ဒြိယသံဝရသီလဖြင့် လည်းကောင်း။ ဝါ၊ ကိလေသာကိုဆုံးမကြောင်းဖြစ်သော ဥပုသ်သီလစောင့်သုံးခြင်းဖြင့် လည်းကောင်း။ သံယမေန၊ သီလကိုစောင့်ရှောက်ခြင်းဖြင့်လည်းကောင်း။ သစ္စဝဇ္ဇေန၊ မှန်ကန်သော စကားကိုပြောဆိုခြင်းဖြင့်လည်းကောင်း။ ပုညံ၊ကောင်းမှုသည်။ နတ္ထိ၊ မရှိ။ ပုညဿ၊ ၏။ အာဂမော၊ သည်။ နတ္ထိ၊ မရှိ။ ဣတိ၊သို့။ အဝေါစ၊ ပြီ။

ဘန္တေ၊ရား။ ဣတ္ထံခေါ၊ဤသို့သာလျှင်။ မေ၊အကျွန်ုပ်အား။ ဝါ၊သည်။ ပူရဏောကဿပေါ၊ ပူရဏကဿပသည်။ ဝါ၊ကို။ သန္ဒိဋ္ဌိကံ၊သော။ သာမညဖလံ၊ ကို။ ပုဋ္ဌော၊ မေးအပ်သည်။ သမာနော၊ ဖြစ်သည်ရှိသော်။ အကိရိယံ၊ကုသိုလ်,အကုသိုလ်ကို မပြုအပ်သည်ကို။ ဝါ၊ ကုသိုလ်,အကုသိုလ်ကို မပြုအပ်သည်၏ အဖြစ်ကို။ ဝါ၊ ကုသိုလ်,အကုသိုလ်ကို ပြုခြင်း မမည်သည်၏ အဖြစ်ကို။ ဗျာကာသိ၊ ဖြေဆိုပါပြီ။

ဘန္တေ၊ရား။ သေယျထာပိ၊ မျက်မှောက်မြင်ရ သဘာဝဖြင့် ချိန်ဆသိရာ ဥပမာမည်သည်။ ကောစိ၊ တစုံတယောက်သော။ ပုဂ္ဂလော၊သည်၊ အမ္ဗံ၊ သရက်ပင်ကို။ ပုဋ္ဌော၊ မေးအပ်သည်။ သမာနော၊ ရှိသော်။ လဗုဇံ၊ တောင်ပိန္နဲပင်ကို။ ဗျာကရေယျသေယျထာပိဝါ၊ ဖြေဆိုရာသကဲ့သို့ သော်လည်းကောင်း။ လဗုဇံ၊ တောင်ပိန္နဲပင်ကို။ပုဋ္ဌော၊အပ်သည်။ သမာနော၊ရှိသော်။ အမ္ဗံ၊ သရက်ပင်ကို၊ ဗျာကရေယျသေယျထာပိဝါ၊ သော်လည်းကောင်း။ ဘန္တေ၊ရား။ ဧဝမေဝခေါ၊ ပုံစံနှိုင်းယှူ ဤအတူသာလျှင်။ မေ၊အား။ဝါ၊သည်။ ပူရဏောကဿပေါ၊သည်။ ဝါ၊ကို။ သန္ဒိဋ္ဌိကံ၊ သော။ သာမညဖလံ၊ ကို။ ပုဋ္ဌော၊ အပ်သည်။ သမာနော၊သော်။ အကိရိယံ၊ကို။ ဗျာကာသိ၊ ဖြေဆိုပါပြီ။

ဘန္တေ၊ ရား၊တဿမယှံ၊ထိုအကျွန်ုပ်အား။ဧတံပရိဝိတက္ကနံ၊ဤအကြံသည်။အဟောသိ၊ ဖြစ်ပါပြီ။ ကိံ၊ အဘယ်သို့သော စိတ်အကြံသည်။ အဟောသိ၊ သနည်း။ ကထံဟိ၊အဘယ် အကြောင်းကြောင့်သာလျှင်။ မာဒိသော၊ ငါကဲ့သို့သောမင်းသည်။ ဝိဇိတေ၊ အထူးအားဖြင့်အောင်အပ်ပြီးသော နိုင်ငံတော်၌။ ဝသန္တံ၊ နေသော။ သမဏံဝါ၊ ရဟန်းကိုသော်လည်းကောင်း။ ဗြာဟ္မဏံဝါ၊ ပုဏ္ဏားကိုသော်လည်းကောင်း။ အပသာဒေတဗ္ဗံ၊ ထိပါးချုတ်ချယ်အပ်၏ဟူ၍။မညေယျနာမ၊ အောက်မေ့မှတ်ထင်ရာအံ့နည်း။ ဣတိဧတံပရိဝိတက္ကနံ၊သည်။အဟောသိ၊ပြီ။

ဘန္တေ၊ရား။ ဣတိ၊သို့။ ပရိဝိတက္ကယိတွာ၊ ကြံပြီး၍။ သောအဟံ၊ ထိုအကျွန်ုပ်သည်။ ပူရဏဿ ကဿပဿ၊ပူရဏကဿပ၏။ ဝါ၊ သည်။ ဘာသိတံ၊ ပြောဆိုအပ်သော စကားကို။ နေဝအဘိနန္ဒိံ၊ဝမ်းမြောက်နှစ်သက် ရှင်အားတက်လျက် လက်မခံမသိမ်းပိုက်ပါ။ နပ္ပဋိက္ကောသိံ၊ တားလည်း မတားမြစ်ပါ။ အနဘိနန္ဒိတွာ၊ ဝမ်းမြောက် နှစ်သက် ရှင်အားတက်လျက် လက်မခံ မသိမ်းပိုက်မူ၍။ အပ္ပဋိက္ကောသိတွာ၊ တားလည်း မတားမြစ်မူ၍။ အနတ္တမနော၊ မိမိစိတ်မရှိသည်။ ဝါ၊ ပီတိသောမနဿ တို့သည် ယှဉ်အပ်သော စိတ်မရှိသည်။ ဟုတွာ၊ ဖြစ်၍။ အနတ္တမနဝါစံ၊ မိမိစိတ် မရှိသည်၏ အဖြစ်ကြောင့် ပြောဆိုအပ်သော စကားကို။ အနိစ္ဆာရေတွာ၊ မဆိုမူ၍။ တမေဝဝါစံ၊ ထိုပူရဏကဿပ၏စကားကိုသာလျှင်။ အနုဂ္ဂဏှန္တော၊ အမြတ်အားဖြင့် မယူဘဲ။ ဝါ၊ အမြတ်ဟူ၍မယူဘဲ။ အနိက္ကုဇ္ဇန္တော၊အမြတ်အားဖြင့် မထားဘဲ။ဝါ၊အမြတ်ဟူ၍ မထားဘဲ။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထ၍။ ပက္ကမိံ၊ ဖဲခဲ့ပါပြီ။

မက္ခလိဂေါသာလဝါဒကထာ

၁၆၇။ ဘန္တေ၊ရား။ ဧကံ၊သော။ သမယံ၊၌။ အဟံ၊ သည်။ ယေနဋ္ဌာနေန၊ ၌။ မက္ခလိဂေါသာလော၊ မက္ခလိဂေါသာလသည်။အတ္ထိ၊ရှိပါ၏။ တေနဋ္ဌာနေန၊ထိုမက္ခလိဂေါသာလရှိရာအရပ်သို့။ ဥပသင်္ကမိံ၊သွားပါ၏။ ဥပသင်္ကမိတွာ၊ ပြီး၍။ မက္ခလိနာ ဂေါသာလေန၊ မက္ခလိဂေါသာလနှင့်။သဒ္ဓိံ၊ တကွ။သမ္မောဒိံ၊ ပါ၏။သမ္မောဒနီယံ၊ သော။ သာရဏီယံ၊ သော။ တနည်း-သမ္မောဒနီယံ၊ တတ်သော။ သာရဏီယံ၊ ၄ါထိုက်သော။ ကထံ၊ စကားကို။ ဝီတိသာရေတွာ၊ ပြီးဆုံးစေပြီး၍။ ဧကမန္တံ၊ အောင်။ဝါ၊ ၌။ နိသီဒိံ၊ ပါ၏။ ဘန္တေ၊ရား။ ဧကမန္တံ၊ အောင်။ဝါ၊၌။ နိသိန္နောခေါ၊သော။ အဟံ၊သည်။ မက္ခလိံ ဂေါသာလံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစံ၊ ပြောဆိုပါပြီ။ ကိံ၊ သို့။အဝေါစံ၊ သနည်း။ ဘောဂေါသာလ၊ အရှင်ဂေါသာလ။ နုခေါ၊ အားဖြင့်။ * ဣမာနိပုထုသိပ္ပါယတနာနိ၊ တို့သည်။ သန္တိ၊ရှိကုန်၏။ပ။ဘောဂေါသာလ၊လ။ဧဝမေဝ၊ သာလျှင်။ ဒိဋ္ဌေဝဓမ္မေ၊၌သာလျှင်။ သန္ဒိဋ္ဌိကံ၊သော။ သာမညဖလံ၊ ကို။ ပညပေတုံ၊ ၄ါ။ သက္ကာနုခေါ၊ ပါသလော။ ဣတိ၊ သို့။အဝေါစံ၊ပြီ။

၁၆၈။ ဘန္တေ၊ ရား။ဧဝံ၊သို့။ ဝုတ္တေ၊ အကျွန်ုပ်က ပြောဆိုအပ်သည်ရှိသော်။ မက္ခလိဂေါသာလော၊သည်။မံ၊ ကို။ ဧတံဝစနံ၊ ကို။အဝေါစ၊ ပြောဆိုပါပြီ။ ကိံ၊သို့။ အဝေါစ၊ သနည်း။မဟာရာဇ၊ မင်းမြတ်။ သတ္တာနံ၊သတ္တဝါတို့အား။ ဝါ၊ တို့၏။ သံကိလေသာယ၊ ပူပန်စေခြင်း နှိပ်စက်ခြင်း၄ါ။ဝါ၊ ညစ်နွမ်းခြင်း၄ါ။ ဟေတု၊အကြောင်းသည်။ နတ္ထိ၊မရှိ။ ပစ္စယော၊အကြောင်းအထောက်အပံ့သည်။ နတ္ထိ၊မရှိ။သတ္တာ၊သတ္တဝါတို့သည်။အဟေတူ၊ အကြောင်းမရှိကုန်ဘဲ။အပစ္စယာ၊ အကြောင်းအထောက်အပံ့မရှိကုန်ဘဲ။ သံကိလိဿန္တိ၊ ညစ်နွမ်းကြရကုန်၏။

---

* မှတ်ချက်။ ။[ဤပုထုသိပ္ပါယတန ပေယျာလကို ပေးခဲ့ပြီးသော ပုထုသိပ္ပါယတန ဝါကျကို ဖော်၍ပေးရမည်။]

တနည်း။ ။သတ္တာ၊သတ္တဝါတို့ကို။ အဟေတူ၊ကုန်ဘဲ။အပစ္စယာ၊ကုန်ဘဲ။သံကိလိဿန္တိ၊ ပူပန်စေအပ်နှိပ်စက်အပ်ကုန်၏။ သတ္တာနံ၊တို့အား။ဝါ၊တို့၏။ ဝိသုဒ္ဓိယာ၊သံသရာမှစင်ကြယ်ခြင်းငှါ။ ဟေတု၊သည်။ နတ္ထိ၊မရှိ။ ပစ္စယော၊သည်။နတ္ထိ၊မရှိ။ သတ္တာ၊တို့သည်။ အဟေတူ၊ကုန်ဘဲ။အပစ္စယာ၊ကုန်ဘဲ။ဝိသုဇ္ဈန္တိ၊ စင်ကြယ်ကြရကုန်၏။

အတ္တကာရေ၊မိမိသည်ပြုအပ်သော ကောင်းမှု,မကောင်းမှုသည်။နတ္ထိ၊မရှိ။ပရကာရေ၊တပါးသောသူသည် ပြုအပ်သော ကောင်းမှု,မကောင်းမှုသည်။နတ္ထိ၊မရှိ။ ပုရိသကာရေ၊ယောကျ်ားသည် ပြုအပ်သော ကောင်းမှု, မကောင်းမှုသည်။နတ္ထိ၊မရှိ။ဗလံ၊ အားသည်။နတ္ထိ၊မရှိ။ဝီရိယံ၊ဝီရိယသည်။ဝါ၊ရဲစွမ်းသတ္တိသည်။ နတ္ထိ၊မရှိ။ပုရိသထာမော၊ယောကျ်ားတို့၏အားအစွမ်းသည်။နတ္ထိ၊မရှိ။ ပုရိသပရက္ကမော၊ ယောကျ်ားတို့၏ အဆင့်ဆင့်သောအရာသို့ရောက်တတ်သော လုံ့လသည်။နတ္ထိ၊မရှိ။

သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ ကုလားအုပ်,နွား,မြည်းအစရှိသော သတ္တဝါတို့သည်လည်းကောင်း။ သဗ္ဗေ၊ကုန်သော။ ပါဏာ၊ထွက်သက်,ဝင်သက်ရှိသော တခုသောဣန္ဒြေရှိသော သတ္တဝါ, နှစ်ခုသောဣန္ဒြေရှိသောသတ္တဝါတို့သည်လည်းကောင်း။ သဗ္ဗေ၊ကုန်သော။ဘူတာ၊ဥခွံတွင်း,သူငယ်အိမ်တွင်း၌ဖြစ်သော သတ္တဝါတို့သည်လည်းကောင်း။ သဗ္ဗေ၊ ကုန်သော။ ဇီဝါ၊ အသက်ရှိသော သလေး,မုယော,နတ်ကောက် အစရှိသော သစ်ပင်, သတ္တဝါတို့သည်လည်းကောင်း။ အဝသာ၊အားအစွမ်းမရှိကုန်သည်။ အဗလာ၊အားမရှိကုန်သည်။ အဝီရိယာ၊ လုံ့လမရှိကုန်သည်။ဝါ၊ ရဲစွမ်းသတ္တိမရှိကုန်သည်။ဟုတ္វာ၊ကုန်၍။ နိယတိသံဂတိဘာဝပရိဏတာ၊မြဲသည်၏အဖြစ် ခြောက်ပါးသော အဘိဇာတိတို့၏ ထိုသိုဘဝဘို့၌ ပေါင်းဆုံခြင်း မူလပင်ကိုယ်သဘောအားဖြင့် အထူးထူးအပြားပြား၏ အဖြစ်သို့ရောက်ကြကုန်လျက်။ ဆသွေဝ၊ ခြောက်ပါးသာလျှင်ဖြစ်ကုန်သော။ အဘိဇာတီသု၊ အဘိဇာတိတို့၌။ ဝါ၊ ထင်ထင်ရှားရှားဖြစ်ခြင်းရှိရာ ဖြစ်သောသတ္တဝါတို့၌။ဌတွာ၊တည်ကြကုန်၍။ သုခဒုက္ခံ၊ ချမ်းသာဆင်းရဲကို။ ပဋိသံဝေဒေန္တိ၊ခံစားရကြရကုန်၏။

ဇုမာနီစုဒ္ဒသယောနိပမုခသတသဟဿာနိစ၊ ဤမြတ်သော ယောနိတို့၏ တသန်းလေးသိန်းဘို့သည်လည်းကောင်း။ သဋ္ဌိသတာနိစ၊ခြောက်ထောင်တို့သည်လည်းကောင်း။ ဆသတာနိစ၊ ခြောက်ရာဘို့သည်လည်းကောင်း။ကမ္မုနော၊ ကံ၏။ ပဉ္စသတာနိစ၊ငါးရာတို့သည်လည်းကောင်း။ ပဉ္စ၊ ငါးပါးကုန်သော၊ ကမ္မာနိစ၊ ကံတို့သည်လည်းကောင်း။ တီဏိ၊ သုံးပါးကုန်သော၊ ကမ္မာနိစ၊ တို့သည်လည်းကောင်း။ ကမ္မေစ၊ ကာယကံ,ဝစီကံသည်လည်းကောင်း။ အဍ္ဎကမ္မေစ၊ ထက်ဝက်သော မနောကံသည်လည်းကောင်း။ဒွဋ္ဌိပဋိပဒါ၊ ခြောက်ဆယ့်နှစ်ပါးသော အကျင့်တို့သည်လည်းကောင်း။ ဒွဋ္ဌန္တရကပ္ပါ၊ ခြောက်ဆယ့်နှစ်ပါးသော အန္တရကပ်တို့သည်လည်းကောင်း။ ဆ၊ခြောက်ပါးကုန်သော။ အဘိဇာတိယော၊ အဘိဇာတိတို့သည်လည်းကောင်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ပုရိသဘူမိယော၊ ယောကျ်ားဘို့၏ဖြစ်ရာအခိုက်အတံ့တို့သည်လည်းကောင်း။ကူနပညာသ အာဇီဝသတေ၊ တခုဖြင့် ယုတ်သော တရာ့ငါးဆယ်သော သတ္တဝါတို့၏ အသက်မွေးခြင်းတို့သည်လည်းကောင်း။ ကူနပညာသပရိဗ္ဗာဇကသတေ၊ တခုဖြင့် ယုတ်သောတရာ့ငါးဆယ်သော ပရိဗိုဇ်တို့သည်လည်းကောင်း။ ကူနပညာသနာဂါဝါသ သတေ၊ တခု

